# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက် | ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ(၆၅)၊ အမှတ်(၃၀၆)


# ထိုင်းနိုင်ငံ၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် က ဂုဏ်ပြုကြိုဆို၊ တွေ့ဆုံဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။

နေပြည်တော် ဩဂုတ် ၆

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၌ တရားဝင်ခရီးစဉ် (Official Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ်က ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုပြီး တွေ့ဆုံဆွေးနွေးကြသည်။

**ဂုဏ်ပြုကြိုဆို**

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လိုက်ပါလာသည့် အထူးယာဉ်တန်းသည် အစိုးရအိမ်တော်အဆောက်အဦ ရှေ့မြက်ခင်းပြင်သို့ရောက်ရှိလာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နှစ်နိုင်ငံအကြီးအကဲနှစ်ဦးသည် အလေးပြုခုံစင်မြင့်ထက်တွင် နေရာယူကြပြီး ထိုင်းဘုရင့်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့က

*စာမျက်နှာ ၃ ကော်လံ ၁* ❏

## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၆

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင်မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## ဇေယျာသီရိမြို့နယ်၌ လူငယ်အသိပညာပေး

နေပြည်တော် ဩဂုတ် ၆

နေပြည်တော် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့ ပူပေါင်းကျင်းပသော လူငယ်အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အဆိုပါကျောင်း ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာရေးဆရာကြီး ကိုရွှေအောင်သင်းက "လူငယ်နှင့် အနာဂတ်နိုင်ငံတော်"ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောကာ အသိပညာဗဟုသုတမေးခွန်းများ မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**



## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၆

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

### ယနေ့ ဖတ်စရာ


**အရည်အသွေးကိုအခြေခံသော ပညာရေးစနစ်၊ နိုင်ငံတကာအသိအမှတ်ပြုမှုနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အပိုင်း(၂)** *ဆောင်းပါး > စာ > ၁၂*

**ဗီယက်နမ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အမေရိကန်ဒေါ်လာ ၅၉၀၀၀၀ နီးပါး ပျက်စီးဆုံးရှုံး** *နိုင်ငံတကာသတင်း > စာ > ၁၄*

မြန်မာ့အလင်း

# အိမ်နီးချင်းကောင်း၊ မိတ်ဆွေစစ်

မြန်မာနှင့်ထိုင်း နှစ်နိုင်ငံအကြား နယ်နိမိတ်ထိစပ်မှုမှာ ၂၄၁၆ ကီလိုမီတာရှည်လျားပြီး အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့်အလျောက် သမိုင်းကြောင်းမှာလည်း ထိစပ်မှု ဆက်နွှယ်မှုတို့ ရှိနေသည်။ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်မှုမှာ ၇၈ နှစ်တာကာလသို့ ရောက်ရှိလာပြီဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် နှစ်နိုင်ငံဆက်ဆံရေးကို “မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး (Natural Strategic Partnership)” အဖြစ် အဆင့်မြှင့်တင်ထားခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်မစ္စတာ အနုထင်ချာဝီရကွန်၏ဖိတ်ကြားချက်အရ ဩဂုတ်လ ၆ ရက်မှ ၇ ရက်အထိ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့ပြီး ခရီးစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များသည် ချစ်ကြည်ရင်းနှီးစွာဖြင့် တွေ့ဆုံဆွေးနွေးမှုများကိုပြုလုပ်ခဲ့ကြသည်။ တွေ့ဆုံဆွေးနွေးမှုများအတွင်း နှစ်နိုင်ငံခေါင်းဆောင်များသည် နိုင်ငံရေးနှင့်လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ သဘာဝပတ်ဝန်းကျင်ကိစ္စရပ်များပူးပေါင်းဆောင်ရွက်မှု၊ လူမှု- ယဉ်ကျေးမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ ဒေသတွင်းအဆင့်ပူးပေါင်းဆောင်ရွက်မှုနှင့် အခြားကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန် အရေးကြီးကြောင်း အလေးပေးပြောကြားခဲ့သည်။

ရှည်လျားလှသည့် မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းတစ်လျှောက် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးတို့မှာ နှစ်နိုင်ငံအတွက်သာမက အခြားကမ္ဘာ့နိုင်ငံများအတွက်ပါ အရေးပါသည်။ မြန်မာနိုင်ငံ၏အရှေ့ဘက်နယ်စပ်များတစ်လျှောက်တွင် လက်နက်ကိုင်အဖွဲ့အစည်းများ ရှိနေကြပြီး ၎င်းအဖွဲ့များမှာ မူးယစ်ဆေးဝါးချက်လုပ်မှု၊ သယ်ယူပို့ဆောင်ရောင်းဝယ်မှု၊ အွန်လိုင်းလိမ်လည်မှု စသည့်ရာဇဝတ်မှုများနှင့် တစ်နည်းနည်းပတ်သက်နေကြသည်။ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်ကိုအခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ထာဝရငြိမ်းချမ်းရေးရရှိနိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်ရာ လက်နက်ကိုင်အဖွဲ့အစည်းများအား နိုင်ငံရေးသဘောထားကွဲလွဲမှုများကို နိုင်ငံရေးနည်းလမ်းဖြင့်အဖြေရှာနိုင်ရန် တံခါးဖွင့်ဖိတ်ခေါ်ထားသည်။

နိုင်ငံတော်သမ္မတ၏ ထိုင်းနိုင်ငံသို့သွားရောက်သည့် တရားဝင်ခရီးစဉ်အတွင်း မြန်မာ-ထိုင်းနယ်စပ်တွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ဖော်ဆောင်မည့် ပူးတွဲကတိကဝတ်ကို နှစ်ဖက်စလုံးကဖော်ပြခဲ့ကြပြီး နိုင်ငံဖြတ်ကျော်မှုခင်းများ အထူးသဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် မူးယစ်ဆေးဝါးကိစ္စရပ်များကို တိုက်ဖျက်ရာတွင် ပူးတွဲကြိုးပမ်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားရန် နှစ်ဖက်စလုံးက သဘောတူညီခဲ့ကြသည်။

နှစ်နိုင်ငံကုန်သွယ်မှုကို အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံအထိ ရရှိစေရေး နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်မည့်ကိစ္စ၊ တရားဝင်နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့စေရေး နည်းလမ်းရှာဖွေမည့်ကိစ္စ၊ အဆင့်မြှင့်တင်ထားသည့် သယ်ယူပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ချိတ်ဆက်မှုများမှတစ်ဆင့် လမ်းပန်းဆက်သွယ်ရေးကွန်ရက်များကို ခိုင်မာအားကောင်းစေရေး ကတိကဝတ်များ ထပ်လောင်းအတည်ပြုခဲ့ကြသည့်ကိစ္စ၊ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရန်၊ သဘာဝဓာတ်ငွေ့သယံဇာတများ ဖွံ့ဖြိုးတိုးတက်ရေး ရှာဖွေတူးဖော်မှု တိုးမြှင့်သွားရန်ကိစ္စ၊ နှစ်နိုင်ငံအကြား အလုပ်သမားရေးရာကိစ္စများ၊ နှစ်နိုင်ငံပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းများအကြား ပိုမိုနီးကပ်စွာ ထိတွေ့ဆက်ဆံရေးကိစ္စ၊ နယ်စပ်ဖြတ်ကျော် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများ ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းရေးကိစ္စ၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ကမ္ဘာ့မြေလေ့လာစောင့်ကြည့်ရေးနည်းပညာဆိုင်ရာ နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ဒေသတွင်းအဆင့် ပူးပေါင်းဆောင်ရွက်မှုကိစ္စများ အပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန် အရေးကြီးကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက အလေးပေး ပြောကြားခဲ့ကြရာ နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုတို့က မြန်မာ-ထိုင်းနှစ်နိုင်ငံ ပြည်သူများ၏အကျိုးစီးပွားကို မြင့်မားစွာ မြှင့်တင်သွားနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့သည် ရှေးယခင်နှစ်ပေါင်းများစွာကတည်းက ဆက်နွှယ်ရင်းနှီးမှုများရှိသည့် နိုင်ငံများဖြစ်ကြပြီး ခွဲခွာ၍မရသည့် အိမ်နီးချင်းနိုင်ငံများဖြစ်သကဲ့သို့ နှစ်ဖက်ပြည်သူများအကြား ဆက်နွှယ်မှု၊ ဆက်ဆံမှုအလွန်ခိုင်မာသည့်နိုင်ငံများ ဖြစ်ကြသည်။ နှစ်နိုင်ငံအကြား ရှည်လျားသည့်နယ်နိမိတ်ထိစပ်နေမှုနှင့်အတူ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့သည်လည်း အပြန်အလှန်ဆက်စပ်နေကြသည်။ မြန်မာနှင့်ထိုင်းတို့၏ စီးပွားရေး၊ ကုန်သွယ်ရေးတို့မှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်အားဖြင့် အရေးပါလျက်ရှိပြီး အကျိုးစီးပွားချင်းတူညီလျက်ရှိနေခြင်းဖြစ်ရာ အိမ်နီးချင်းကောင်း၊ မိတ်ဆွေစစ်တို့၏ ချစ်ခင်ရင်းနှီးမှု၊ ယုံကြည်မှု၊ အပြန်အလှန်လေးစားမှုတို့ဖြင့် နှစ်နိုင်ငံအကြား ကောင်းသည်ထက်ပိုမိုကောင်းမွန်သောအနာဂတ်ကို အတူတကွ တည်ဆောက်သွားကြရပါမည့်အကြောင်း။ ။

---

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

**ပထမပတ်** - မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်
**ဒုတိယပတ်** - အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်
**တတိယပတ်** - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်
**စတုတ္ထပတ်** - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

---

## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့
## ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY
2026
DIFFERENT CONTEXTS, COMMON ASPIRATIONS

“ Different Contexts, Common Aspirations ”

“ နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား ”

---

**၆ - ၈ - ၂၀၂၆ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**
(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၇၀၀၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

---

**တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ**

နေပြည်တော် ဩဂုတ် ၆

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇ - ၈ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၈၄၀ | ၃၉၉၅ | ၃၉၄၅ | ၃၈၅၅ | ၄၀၀၀ | ၄၀၁၅ | ၄၀၄၅ | ၃၉၂၅ | ၄၂၉၅ | ၄၃၂၅ | ၃၉၄၅ | ၄၀၅၅ | ၄၀၃၅ | ၃၉၉၅ | ၄၀၀၅ | ၄၂၃၅ |
| 95 Ron | ၃၉၅၀ | ၄၁၀၅ | ၄၀၅၅ | ၃၉၆၅ | ၄၁၁၀ | ၄၁၂၅ | ၄၁၆၀ | ၄၀၃၅ | ၄၄၀၅ | ၄၄၃၅ | ၄၀၅၅ | ၄၁၅၅ | ၄၁၅၀ | ၄၁၀၅ | ၄၁၁၅ | ၄၃၄၅ |
| HSD (500 ppm) | ၄၁၅၅ | ၄၃၀၀ | ၄၂၅၅ | ၄၁၇၀ | ၄၃၀၅ | ၄၃၂၀ | ၄၃၅၀ | ၄၂၃၅ | - | ၄၆၁၅ | ၄၂၅၅ | ၄၇၉၀ | ၄၃၄၀ | ၄၃၀၀ | ၄၃၁၀ | ၄၅၃၀ |
| HSD (50 ppm) | ၅၀၅၀ | ၅၂၀၅ | ၅၁၅၅ | ၅၀၆၅ | ၅၂၁၀ | ၅၂၂၀ | ၅၂၅၅ | ၅၁၃၅ | ၅၅၀၅ | ၅၅၃၀ | ၅၁၅၅ | ၅၃၅၅ | ၅၂၄၅ | ၅၂၀၅ | ၅၂၁၅ | ၅၄၄၅ |
| HSD (10 ppm) | ၅၀၅၀ | ၅၂၀၅ | ၅၁၅၅ | ၅၀၆၅ | ၅၂၁၀ | ၅၂၂၀ | ၅၂၅၅ | ၅၁၃၅ | | ၅၅၃၀ | ၅၁၅၅ | ၅၃၅၅ | ၅၂၄၅ | ၅၂၀၅ | ၅၂၁၅ | ၅၄၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၆၃၈ | ၃၇၄၅ |
| 95 Ron | ၃၇၄၅ | ၃၈၅၄ |
| HSD (500 ppm) | ၃၉၅၅ | ၄၀၆၃ |
| HSD (50 ppm) | ၄၈၀၈ | ၄၉၁၄ |
| HSD (10 ppm) | ၄၈၀၈ | ၄၉၁၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

---

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - ဟန်လင်းအောင်
**စာတည်းမှူး** - ခင်ရတနာ
**စာတည်းများ** - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**အကြီးတန်းသတင်းထောက်** - ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့်အဖွဲ့
**စာပြင်** - ဇော်မင်းသန်းနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

E-paper




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Queen Sirikit ၏ တော်ဝင်ပုံတူပန်းချီကားအား အရိုအသေပြုစဉ်။

**“ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ၊ တရားမဝင်နယ်စပ်ကုန်သွယ်မှု တိုက်ဖျက်ရေးဆိုင်ရာ၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူနှင့် မြစ်ရေညစ်ညမ်းမှုဆိုင်ရာ၊ စွမ်းအင်ကဏ္ဍတို့တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေး ”**

❑ *ရွှေ့ဖုံးမှ*

နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် တီးမှုတ်ဂုဏ်ပြုအလေးပြုခြင်းကို ခံယူကြသည်။

ထို့နောက်နှစ်နိုင်ငံအကြီးအကဲနှစ်ဦးသည် ဂုဏ်ပြုတပ်ဖွဲ့အလံအားအလေးပြု၍ ဂုဏ်ပြုတပ်ဖွဲ့အားစစ်ဆေးပြီး နှစ်နိုင်ငံကိုယ်စားလှယ်အရာရှိကြီးများနှင့် အပြန်အလှန် မိတ်ဆက်ပေးကြသည်။

ဆက်လက်၍ နှစ်နိုင်ငံအကြီးအကဲနှစ်ဦးသည် အစိုးရအိမ်တော်ခန်းမ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ထိုင်းဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Queen Sirikit ၏ တော်ဝင်ပုံတူပန်းချီကားအား အရိုအသေပြုပြီး ထိုင်းနိုင်ငံ၊ အစိုးရအိမ်တော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်တို့သည် ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဇော်စိုး၊ နှစ်နိုင်ငံတာဝန်ရှိသူများနှင့်အတူ အစိုးရအိမ်တော် ဧည့်ခန်းမ၌ သီးသန့်တွေ့ဆုံဆွေးနွေးသည်။

**တွေ့ဆုံဆွေးနွေး**

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်တို့သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ၊ တရားမဝင်နယ်စပ်ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုင်ရာ၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူနှင့် မြစ်ရေညစ်ညမ်းမှုဆိုင်ရာ၊ စွမ်းအင်ကဏ္ဍတို့တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့်ပတ်သက်၍ အပြုသဘောဆောင်ပြီး အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံချင်းစီနှင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး ပိုမိုထိတွေ့ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် တို့ တွေ့ဆုံဆွေးနွေးစဉ်။

❖ *ရွှေ့ဖုံးမှ*

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ထိုင်းနိုင်ငံ၌ တရားဝင်ခရီးစဉ် (Official Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်” သို့ တက်ရောက်မိန့်ခွန်းပြောကြား






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်”တွင် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုပိုမိုမြှင့်တင်နိုင်ရေးဆိုင်ရာများနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားစဉ်။

- ❖ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှည်လျားသည့် ကုန်းမြေ ရေပြင် နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြရုံမျှမကဘဲ တူညီသည့် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာတရားနှင့် သမိုင်းဝင်ချစ်ကြည်ရေး အခြေခံကောင်းများ ရှိသည့် ညီရင်းအစ်ကိုမောင်ရင်းနှမကဲ့သို့ သံယောဇဉ်ခိုင်မြဲသည့် အိမ်နီးချင်းကောင်းများ၊ မိတ်ဆွေစစ်များဖြစ်
- ❖ ယခုခရီးစဉ်တွင် မြန်မာ-ထိုင်း ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမို အားကောင်းခိုင်မာစေပြီး ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးမှုများကိုလည်း အားပေးမြှင့်တင်နိုင်မည်ဟုယုံကြည်
- ❖ မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရသည့်အချိန်တိုင်းတွင် ထိုင်းနိုင်ငံသည် မိတ်ဆွေကောင်းပီသစွာ အစဉ် ရပ်တည်ပေးခဲ့ပြီး နားလည်မှု၊ ယုံကြည်မှုနှင့် အပြန်အလှန်လေးစားမှုများကိုအခြေခံ၍ ကူညီပံ့ပိုးပေးမှုများအတွက် အသိ အမှတ်ပြု ကျေးဇူးတင်ရှိ

နေပြည်တော် ဩဂုတ် ၆

**“မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်”**ကို ယနေ့မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Queen Sirikit National Convention Center၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုပိုမိုမြှင့်တင်နိုင်ရေးဆိုင်ရာများနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါ **“မြန်မာ – ထိုင်း စီးပွားရေးဖိုရမ်”** သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်နှင့် ထိုင်းနိုင်ငံအစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

## လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့် Queen Sirikit National Convention Center ၊ Plenary Hall သို့ရောက်ရှိလာရာ ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် **“မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်”** ကို အခမ်းအနား အစီအစဉ်အတိုင်း စတင်ကျင်းပပြုလုပ်ရာ ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌတို့က ကြိုဆိုဂုဏ်ပြုစကားများ ပြောကြားကြသည်။

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာတွင် ယခု မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ တက်ရောက်ခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်း၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့သည် ယုံကြည်မှု၊ အပြန်အလှန်လေးစားမှုနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို အခြေခံထားသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ ကဏ္ဍသစ်ကို အတူတကွလျှောက်လှမ်းရန်အသင့်ဖြစ်နေပြီဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံ၏အရေးပါသော စီးပွားရေးမိတ်ဖက်နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ဆက်လက်တိုးတက်နိုင်သည့် အလားအလာများစွာလည်း ရှိနေပါကြောင်း။




ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် “မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်”တွင် မိန့်ခွန်းပြောကြားစဉ်။

ထိုင်းနိုင်ငံ၏ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများသည် စွမ်းအင်ကဏ္ဍ၊ ထုတ်လုပ်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေး၊ ထောက်ပံ့ပို့ဆောင်ရေး (Logistics)၊ ဆက်သွယ်ရေး၊ အိမ်ခြံမြေလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများအထိ ကျယ်ပြန့်စွာရှိနေပြီး ယင်းကဏ္ဍများအားလုံးသည် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခြေခံအုတ်မြစ်များ ဖြစ်ပါကြောင်း၊ ယနေ့တွင် မိမိအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူတို့၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ပြီး ကောင်းမွန်သည့် ဆွေးနွေးမှုရလဒ်များကို ဖော်ဆောင်နိုင်ခဲ့ပါကြောင်း၊ ယခုနှစ်အတွင်း ထိုင်းနိုင်ငံက နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာပူးတွဲကော်မတီ (Joint Trade Committee) အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုပမာဏကို အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံအထိ တိုးမြှင့်နိုင်ရန် တွန်းအားပေးသွားမည်ဖြစ်ပါကြောင်း။

## အပြည့်အဝ ထောက်ခံအားပေးသွားမည်

ယနေ့ကမ္ဘာကြီးသည်ကမ္ဘာလုံးဆိုင်ရာထောက်ပံ့ရေးကွင်းဆက် (Supply Chain)ကို ပြန်လည်ဖွဲ့စည်းနေသည့်ကာလဖြစ်ပြီး လူများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို ထိရောက်စွာ ချိတ်ဆက်ပေးနိုင်သည့် နိုင်ငံများသည် အခွင့်အလမ်းများကို ဦးစွာရရှိမည်ဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအစိုးရများသည် စီးပွားရေးလုပ်ငန်းများ၊ ကုန်သည်အသင်းများနှင့် လုပ်ငန်းရှင်များကို အနီးကပ်ပူးပေါင်းဆောင်ရွက်နိုင်စေရန် အပြည့်အဝ ထောက်ခံအားပေးသွားမည်ဖြစ်ပြီး အခွင့်အလမ်းများကို လက်တွေ့ရလဒ်များအဖြစ် ပြောင်းလဲနိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် **“မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်”** သည် အမြင်ချင်းဖလှယ်သည့် ဆွေးနွေးပွဲတစ်ခုထက် ပိုမိုအဓိပ္ပာယ်ရှိပြီး အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဖန်တီးမည့် နှစ်နိုင်ငံ၏စီးပွားရေးအနာဂတ်အတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် အပြောင်းအလဲများ၏ အစပြုရာဖြစ်ပါကြောင်း၊ ယခုဖိုရမ်ဖြစ်မြောက်မှုရှိစေရေး ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းနှင့် ယနေ့အခမ်းအနားကို ပူးပေါင်းစီစဉ်ပေးကြသော နှစ်နိုင်ငံမှ အဖွဲ့အစည်းအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ က မိန့်ခွန်းပြောကြားရာတွင် မိမိ၏ထိုင်းနိုင်ငံခရီးစဉ်အတွင်း ယခုကဲ့သို့ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အရေးပါသည့် **“မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်”**သို့ တက်ရောက်မိန့်ခွန်းပြောကြားခွင့်ရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဖိုရမ်၏ **“မြန်မာ-ထိုင်း စီးပွားရေးမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၏ အနာဂတ်နဲ့ စာမျက်နှာသစ်”** ဟူသည့်ခေါင်းစဉ်နှင့်အညီ နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးပြုမည့်မိတ်ဖက်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် ကမ္ဘာကြီးတွင် လက်ရှိဖြစ်ပေါ်နေသည့် ခန့်မှန်းရခက်ခဲပြီး အပြောင်းအလဲမြန်ဆန်လွန်းသည့် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများကို ကြံ့ကြံ့ခံနိုင်သည့် စာမျက်နှာသစ်တစ်ရပ် ဖွင့်လှစ်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

**မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှည်လျားသည့် ကုန်းမြေ ရေပြင် နယ်နိမိတ်ချင်း ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြရုံမျှမကဘဲ တူညီသည့် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာတရားနှင့် သမိုင်းဝင်ချစ်ကြည်ရေး အခြေခံကောင်းများရှိသည့် ညီရင်းအစ်ကိုမောင်ရင်းနှမကဲ့သို့ သံယောဇဉ်ခိုင်မြဲသည့် အိမ်နီးချင်းကောင်းများ၊ မိတ်ဆွေစစ်များဖြစ်**ကြပါကြောင်း၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်တွင် စတင်ထူထောင်ခဲ့ခြင်းဖြစ်ပြီး ယခုဆိုပါက စိန်ရတုမှတ်တိုင်ကိုကျော်လွန်၍ နှစ်ပေါင်း (၇၈)နှစ်တိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ သံတမန်ဆက်သွယ်ရေး ထူထောင်မှု နှစ်(၇၀)ပြည့်သည့် ၂၀၁၈ ခုနှစ်တွင် နှစ်နိုင်ငံဆက်ဆံရေးကို **“မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (Natural Strategic Partner–ship)”** အဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ပါကြောင်း။

ယခုခရီးစဉ်တွင် မြန်မာ-ထိုင်း ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းခိုင်မာစေပြီး ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးမှုများကိုလည်း အားပေးမြှင့်တင်နိုင်မည်ဟုယုံကြည်ပါကြောင်း၊ ထို့အပြင်

*စာမျက်နှာ ၅သို့*

*စာမျက်နှာ ၄ မှ*

မြန်မာ-ထိုင်း နှစ်နိုင်ငံစလုံးသည် ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (RCEP)၊ အာဆီယံ၊ BIMSTEC တို့တွင်လည်း ဒေသတွင်း ပြည်သူများကို အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်ရည်ရွယ်ပြီး အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ ဒေသတွင်း သာယာဝပြောမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဦးတည်ဆောင်ရွက်နေသည့် မဟာမဲခေါင်ဒေသ (Greater Mekong Subregion-GMS)၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (Mekong Lancang Cooperation)၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) စသည့် အစီအစဉ်များတွင်လည်း နီးနီးကပ်ကပ် အတူတကွ ပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ **မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရသည့် အချိန်တိုင်းတွင် ထိုင်းနိုင်ငံသည် မိတ်ဆွေကောင်းပီသစွာ အစဉ်ရပ်တည်ပေးခဲ့ပြီး နားလည်မှု၊ ယုံကြည်မှုနှင့် အပြန်အလှန် လေးစားမှုများကို အခြေခံ၍ ကူညီပံ့ပိုးပေးမှုများအတွက် အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်း။**

မြန်မာနှင့် ထိုင်းနိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့်အပြင် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်နှင့်အညီ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍများတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နေကြပြီး ထပ်မံတိုးချဲ့အဆင့်မြှင့်တင်နိုင်သည့် အခွင့်အလမ်းများလည်းရှိနေကြောင်း၊ ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိကကျပြီး အရေးပါဆုံးသော ကုန်သွယ်ဖက်နိုင်ငံတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် အထည်များကို အဓိကတင်ပို့လျက်ရှိပြီး၊ ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်းများနှင့် ဆေးဝါးများ အဓိကတင်ပို့လျက်ရှိပါကြောင်း။

နှစ်နိုင်ငံကုန်သွယ်မှု (Bilateral Trade) ပမာဏသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဘီလီယံကျော်နှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၏ ဇွန်လအထိ အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော် အသီးသီးရှိခဲ့ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်မှ စတင်ပြီး ယခုနှစ် ဇွန်လအထိဆိုပါက နှစ်နိုင်ငံကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၇၅၈ ဘီလီယံ ရှိခဲ့ကြောင်း။ ယခုကဲ့သို့ အပြန်အလှန်ကုန်သွယ်မှုပုံစံသည် နှစ်နိုင်ငံစီးပွားရေးကို အထောက်အကူပြုရုံမျှသာမက ဒေသတွင်းတန်ဖိုးကွင်းဆက် (Regional Value Chains) ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား နယ်နိမိတ်သည် ကီလိုမီတာ ၂၄၀၀ ကျော် ရှည်လျားပြီး မြောက်ဘက်ရှိ လာအိုနိုင်ငံနှင့် ထိစပ်နေသည့် သုံးနိုင်ငံဆုံမှတ်မှ တောင်ဘက် အက်ဒမန်ပင်လယ်ကမ်းရိုးတန်းအထိ ထိစပ်လျက်ရှိပြီး မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးသည် နှစ်နိုင်ငံကုန်သွယ်ရေးကဏ္ဍတွင် လွန်စွာအရေးပါသည်ကို တွေ့ရကြောင်း၊ မြဝတီ-မဲဆောက်၊ တာချီလိတ်-မယ်ဆိုင် စသည့်နယ်စပ်ဂိတ်များတွင် နယ်စပ်ကုန်သွယ်ရေးနှင့် စီးပွားရေးစီးဆင်းမှု၏ အဓိကအသက်သွေးကြောဟု ဆိုနိုင်ပါကြောင်း၊ တစ်ဖက်တွင်လည်း တရားမဝင် ကုန်သွယ်ရေးဂိတ်နှင့် တရားမဝင်ကုန်သွယ်မှုကို နှစ်နိုင်ငံပူးပေါင်းတိုက်ဖျက်သွားရန် လိုအပ်လျက်ရှိပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ စုပေါင်းအဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

တရားမဝင်ကုန်သွယ်မှုကြောင့် နှစ်နိုင်ငံ၏ နိုင်ငံတော်ဘဏ္ဍာငွေများ ဆုံးရှုံးမှုများသာမက အရည်အသွေးမမီသည့်အတွက် သုံးစွဲသူများအတွက် အန္တရာယ်ဖြစ်စေမည့် စားသောက်ကုန်နှင့် ဆေးဝါးများ ဈေးကွက်အတွင်း ဝင်ရောက်လာသည့် အန္တရာယ်ကို ဒေသခံများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းကူညီပေးရန် တိုက်တွန်းပြောကြားလိုကြောင်း၊ လက်ရှိတွင် ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံတွင် ပဉ္စမမြောက် ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံဖြစ်ပြီး အမေရိကန် ဒေါ်လာ ၄၆၀၅ ဒသမ ၄၈၄ သန်း တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၀၃ ခု ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ၊ ကုန်ထုတ်လုပ်မှု၊ စိုက်ပျိုးရေးနှင့် လူသုံးကုန်ပစ္စည်းများစသည့် အဓိကကဏ္ဍကြီးများတွင် အကြီးမားဆုံး ကုန်သွယ်ဖက်နှင့် အဓိက ရင်းနှီးမြှုပ်နှံသည့်နိုင်ငံအဖြစ် ကာလရှည်ကြာ ရပ်တည်ခဲ့သည့်နိုင်ငံဖြစ်ပြီး လက်ရှိတွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအားလုံး၏ ၆ ဒသမ ၃၀ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၄၆၀၅ ဒသမ ၄၈၄ သန်း)နှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ စက်မှုဇုန် တည်ဆောက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားသည်လည်း ဖြစ်ပါကြောင်း။




"မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်" တွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ယနေ့ကမ္ဘာကြီးသည် အပြန်အလှန်ချိတ်ဆက်မှု ပိုမိုမြန်ဆန်လာပြီး စီးပွားရေးအရပေါင်းစည်းမှု ပိုမိုနက်ရှိုင်းလာသည်နှင့်အမျှ ထောက်ပံ့ပို့ဆောင်ရေးလမ်းကြောင်းများနှင့် ဒေသတွင်း ပေါင်းစည်းချိတ်ဆက်ပေးသည့် ကုန်သွယ်ရေးနှင့် စီးပွားရေးစင်္ကြံများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးပါလာကြောင်း၊ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေခံမြေခံကောင်းများ ပိုင်ဆိုင်ထားပြီး လူ့စွမ်းအားအရင်းအမြစ်နှင့် သဘာဝသယံဇာတ အရင်းအမြစ်များ ပေါကြွယ်ဝသည့်အပြင် မဟာဗျူဟာကျသည့် ပထဝီဝင်အနေအထားကိုလည်း ပိုင်ဆိုင်ထားကြောင်း၊ **မြန်မာနိုင်ငံသည် အရှေ့အာရှ၊ အရှေ့တောင်အာရှ၊ တောင်အာရှတို့နှင့် ကုန်းမြေပေါင်းကူးတံတား (Land Bridge) သဖွယ်တည်ရှိနေပြီး ပထဝီအနေအထားအရ ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာ နှစ်စင်းတို့ကို ဆက်စပ်ပေးသည့်အတွက် အနာဂတ်ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေးတွင် အချက်အချာကျသည့်နေရာ၌ တည်ရှိနေ**ပါကြောင်း။

ဒေသတွင်းဈေးကွက်များအကြား ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ချိတ်ဆက်မှုများကို အထောက်အကူပြုလျက် ပိုမိုကျယ်ပြန့်သည့် စီးပွားရေးပေါင်းစည်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် အလားအလာကောင်းများလည်း ရှိနေကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းတို့ကိုလည်း ဖော်ဆောင်လျက်ရှိကြောင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းသည် ထိုင်းနိုင်ငံနှင့် အနီးကပ်ဆုံးရှိပြီး ထိုင်းနိုင်ငံအတွက် တောင်အာရှနှင့် အနောက်အာရှတို့အတွက် အနီးဆုံး ကုန်တင်ပို့နိုင်သည့် နေရာဖြစ်ပါကြောင်း၊ ထို့အပြင် **တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ၊ မြန်မာ-အိန္ဒိယ ကုလားတန် ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်း၊ မြန်မာ-ထိုင်း-အိန္ဒိယ သုံးနိုင်ငံအဝေးပြေးလမ်းမကြီး** အစီအစဉ်များသည်လည်း ဒေသတွင်းနှင့် နိုင်ငံတကာ ကုန်သွယ်ရေးတွင် မြန်မာနိုင်ငံက အဓိကနေရာမှ ပါဝင်နေကြောင်း၊ အာရှအဝေးပြေးလမ်းမနှင့် အာရှဖြတ်ကျော်ရထားလမ်း ကွန်ရက်နှစ်ခုစလုံး၏ အစိတ်အပိုင်းဖြစ်သည့်အတွက် ဒေသတွင်း ထောက်ပံ့ပို့ဆောင်ရေးကွန်ရက်များနှင့် ချိတ်ဆက်ရန် အခွင့်အလမ်းကောင်းများကိုလည်း ပိုင်ဆိုင်ထားရှိကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်ပြီး ကြွယ်ဝပေါများသည့် အရင်းအမြစ်နှင့် အလားအလာကောင်းများစွာ ရှိနေကြောင်း၊ နိုင်ငံ၏ လက်ရှိလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံ၊ ရင်းနှီးမြှုပ်နှံမှုများကို အလေးထားဖိတ်ခေါ်လျက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာအခြေခံ ကုန်ထုတ်လုပ်ငန်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်လည်း ဖိတ်ခေါ်လိုကြောင်း၊ ဓာတ်မြေဩဇာထုတ်လုပ်ခြင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်သုံးယာဉ်ထုတ်လုပ်ခြင်း၊ ဘိလပ်မြေထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတန်ဖိုးမြှင့် ထုတ်ကုန်များထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများထုတ်လုပ်ခြင်း စသည့်လုပ်ငန်းများကိုလည်း အားပေးဖိတ်ခေါ်လျက်ရှိကြောင်း၊ ထို့အပြင် ပြည်တွင်းထွက်ကုန်များကို အခြေခံသည့် အဆင့်မြင့်ရော်ဘာထုတ်လုပ်ခြင်း၊ ရော်ဘာအခြေခံပရိဘောဂနှင့် တာယာထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးဆောင်ရွက်လျက်ရှိသည့်အတွက် ထိုင်းလုပ်ငန်းရှင်များအနေဖြင့် ယခုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများလည်း ရှိနေပါကြောင်း။

ထိုင်းနိုင်ငံသည် အဆင့်မြင့်ကျန်းမာရေးဝန်ဆောင်မှုများ ထွန်းကားသည့်အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုပါကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်အတွက် ပို့ဆောင်ဆက်သွယ်ချိတ်ဆက်မှုသည် အလွန်အရေးကြီးပါကြောင်း၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးသည် နှစ်နိုင်ငံကုန်သွယ်မှုကိုသာမက RCEP နှင့် အာဆီယံစီးပွားရေးစင်္ကြံကိုပါ ဖွင့်လှစ်ပေးမည့် သော့ချက်များဖြစ်ကြောင်း၊ ထို့ကြောင့် မြဝတီ၊ တာချီလိတ်၊ ကော့သောင်း စသည့်နယ်စပ်ဒေသများတွင် နယ်စပ်စီးပွားရေးဇုန်များနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများ ရှိနေပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန်အတွက် ဆောင်ရွက်လျက်ရှိရာ ပိုမိုရှင်းလင်းခိုင်မာပြီး ပွင့်လင်းမြင်သာသည့် စီးပွားရေးဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရန်၊ လုပ်ထုံးလုပ်နည်းများကို လွယ်ကူချောမွေ့အောင် ပြုပြင်ပြောင်းလဲရန်နှင့် သင့်တော်သည့် မူဝါဒဆိုင်ရာ ကူညီပံ့ပိုးမှုများ ပေးနိုင်ရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူ စာချုပ်သည် ၂၀၁၂ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် အသက်ဝင်ခဲ့ပြီးဖြစ်သည့်အတွက် ယုံကြည်စိတ်ချစွာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း၊ အလားတူ မြန်မာနိုင်ငံတွင် ပြည်တွင်းထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးနိုင်ရန်အတွက် မူပိုင်ခွင့်ဥပဒေ(၄)ရပ်ကိုလည်း ၂၀၂၄ ခုနှစ်တွင် အပြည့်အဝ အကောင်အထည်ဖော်နေပြီဖြစ်ပါကြောင်း။

*စာမျက်နှာ ၆ သို့*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

## နားလည်မှုစာချွန်လွှာများနှင့် သဘောတူစာချုပ်များ အပြန်အလှန် လက်မှတ်ရေးထိုးလဲလှယ်

နေပြည်တော် ဩဂုတ် ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော်၊ Pakdi Bodin Building ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် တို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးကိုကိုလွင်၊ ဦးခင်မောင်စိုး၊ ဦးထွန်းအုံ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ခရီးစဉ်တွင် လိုက်ပါလာကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဇော်စိုး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဝင်းသူလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ၊ အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် ထိုင်းနိုင်ငံဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များအား လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ကြပြီး ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ရှည်လျားသည့် နယ်နိမိတ်ထိစပ်နေမှုနှင့်အတူ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့သည်လည်း အပြန်အလှန်ဆက်စပ်လျက်ရှိနေပါကြောင်း၊ အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံအနေဖြင့် မူလအခြေအနေကဲ့သို့ ပြန်လည်ပါဝင်နိုင်ရေးအတွက်ကိုလည်း ထိုင်းနိုင်ငံမှ လိုလားပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခွင့်အလမ်းကောင်းများစွာလည်း ရှိနေသည်ဖြစ်သည့်အတွက် ယနေ့ဆွေးနွေးပွဲသည် နှစ်နိုင်ငံအတွက်အကျိုးရှိသည့် ဆွေးနွေးပွဲဖြစ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးအနေဖြင့် နှစ်နိုင်ငံအကျိုးစီးပွားအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးနိုင်ပါရန် ဖိတ်ခေါ်အပ်ပါကြောင်း ဦးစွာနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက **မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှေးယခင် နှစ်ပေါင်းများစွာကတည်းက ဆက်နွှယ်ရင်းနှီးမှုများရှိသည့် နိုင်ငံများဖြစ်ကြပြီး** ခွဲခွာ၍မရသည့် အိမ်နီးချင်းနိုင်ငံများဖြစ်သကဲ့သို့ **နှစ်ဖက်ပြည်သူများအကြား ဆက်နွှယ်မှု၊ ဆက်ဆံမှု အလွန်ခိုင်မာသည့် နိုင်ငံများဖြစ်**ကြကြောင်း၊ နှစ်နိုင်ငံလုံး၌ ဘာသာရေးဆိုင်ရာ တန်ဖိုးထားမှု၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ ဓလေ့စရိုက်၊ အစားအသောက်များမှအစ တူညီမှုရှိသည့်အတွက် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု အမြင့်ဆုံးရှိသည့်နိုင်ငံများဟုဆိုနိုင်ကြောင်း၊ မိမိအား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရမှုအပေါ် *စာမျက်နှာ ၇ သို့*

**မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှေးယခင် နှစ်ပေါင်းများစွာကတည်းက ဆက်နွှယ်ရင်းနှီးမှုများရှိသည့် နိုင်ငံများဖြစ်ကြပြီး ခွဲခွာ၍မရသည့် အိမ်နီးချင်းနိုင်ငံများဖြစ်သကဲ့သို့ နှစ်ဖက်ပြည်သူများအကြား ဆက်နွှယ်မှု၊ ဆက်ဆံမှု အလွန်ခိုင်မာသည့်နိုင်ငံများဖြစ်**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

**နှစ်နိုင်ငံအကြား ရှည်လျားသည့်နယ်နိမိတ်ထိစပ်နေမှုနှင့်အတူ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့သည်လည်း အပြန်အလှန်ဆက်စပ်လျက်ရှိနေ၊ အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံအနေဖြင့် မူလအခြေအနေကဲ့သို့ ပြန်လည်ပါဝင်နိုင်ရေးအတွက်ကိုလည်း ထိုင်းနိုင်ငံမှလိုလား**

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်

*စာမျက်နှာ ၅ မှ*

လက်ရှိတွင် မြန်မာနှင့် ထိုင်းနှစ်နိုင်ငံတို့အကြား ကုန်သွယ်မှုမြှင့်တင်နိုင်ရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရန်အတွက် ထိုင်း-မြန်မာ နှစ်နိုင်ငံ နယ်စပ်ဒေသတွင် မြန်မာကျပ်ငွေနှင့် ဘတ် တိုက်ရိုက်အသုံးပြုပေးချေမှုကို ၂၀၂၂ ခုနှစ်တွင် စတင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုစနစ်သည် နှစ်နိုင်ငံကုန်သွယ်မှုသာမက နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတို့အတွက် များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အရည်အသွေးပြည့်ဝပြီး တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို အထူးအားပေးဖိတ်ခေါ်နေပြီး ရေရှည်တည်တံ့မည့် ဂေဟစနစ်နှင့် စီးပွားရေးဟန်ချက်ညီမှု ရှိစေရန်အတွက်ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် လိုအပ်သည်များကို အတတ်နိုင်ဆုံး ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် နိုင်ငံအတွင်း စီးပွားရေးဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုကောင်းမွန်လာစေရန်အတွက် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ဥပမာအားဖြင့် လျှပ်စစ်သုံးယာဉ်များ (EV)များ တိုးတက်ရေးနှင့် ဆက်စပ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများအတွက် အကောက်အခွန်နှုန်းထားများကိုလည်း လျှော့ချပေးလျက်ရှိကြောင်း၊ အထူးသဖြင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ခြင်း၊ ဒေသတွင်း မိတ်ဖက်နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME)များသည် မိမိတို့နှစ်နိုင်ငံ၏ စီးပွားရေးမောင်းနှင်အားဖြစ်ကြောင်း၊ လုပ်ငန်းစဉ်များကို ပိုမိုလွယ်ကူလျင်မြန်အောင် ဒီဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်လျက်ရှိရာတွင် **မြန်မာ ဒီဂျစ်တယ် လမ်းပြမြေပုံ ၂၀၃၀** ကို ရေးဆွဲဖော်ဆောင်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအလယ်ပိုင်း ရာသီဥတုကောင်းသည့် တောင်ပေါ်ဒေသတွင် မြေဧရိယာဧက ၁၀၀၀၀ ခန့်ကျယ်ဝန်းသည့် ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အတွက် စိတ်ပါဝင်စားသည့် ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုကြောင်း။

ယနေ့ကျင်းပသည့် ဖိုရမ်ကနေတစ်ဆင့် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် အခန်းသစ်တစ်ခုသို့ တက်လှမ်းနိုင်မည်ဖြစ်ပြီး ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ နယ်စပ်ကုန်သွယ်ရေးနှင့် ဒေသတွင်း စီးပွားရေးကွန်ရက်ချိတ်ဆက်မှုများ ပိုမိုတိုးတက်ခိုင်မာလာစေရန် အားလုံးက လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

စုပေါင်းစွမ်းအားကနေတစ်ဆင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေး၊ ပြည်သူအချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံမှု အပါအဝင် နှစ်နိုင်ငံ အပြန်အလှန် အကျိုးပြုစေမည့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို တိုးတက်ဖော်ဆောင်သွားနိုင်မည်ဟု အပြည့်အဝယုံကြည်ထားပါကြောင်း၊ မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ် အားသာချက်များကို ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ၏ နည်းပညာ၊ အရင်းအနှီးနှင့် စီမံခန့်ခွဲမှုအတွေ့အကြုံ စသည်များနှင့် ပေါင်းစပ်လိုက်မည်ဆိုလျှင် နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးရှိစေမည့် (Win-Win) စီးပွားရေးပတ်ဝန်းကျင်ကို ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအကြား ချိတ်ဆက်မှုများ ပိုမိုအားကောင်းပြီး စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများနှင့် ရလဒ်ကောင်းများ ပိုမိုခိုင်မြဲစွာတိုးတက်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဖိုရမ်သို့ တက်ရောက်လာကြသူများသည် "မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်"တွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြပြီး ပြခန်းအလိုက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်မှ ပြန်လည်ထွက်ခွာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတ လိုက်ပါစီးနင်းမည့် အထူးယာဉ်တန်းနေရာအထိ ရင်းရင်းနှီးနှီး လိုက်ပါနှုတ်ဆက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ညနေပိုင်းတွင် ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ စုပေါင်းအဖွဲ့အား ခေတ္တတည်းခိုလျက်ရှိသည့် ဟိုတယ်ဧည့်ခန်းမဆောင်၌ သီးခြားစီလက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု ပိုမိုမြှင့်တင်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်အခြေချပြီး ပိုမိုကောင်းမွန်သည့် အနာဂတ်ဆီကို ဦးတည်လျှောက်လှမ်းနေပြီဖြစ်ကာ မိမိတို့အစိုးရသစ်အနေဖြင့် လက်ရှိတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိ

*စာမျက်နှာ ၆ မှ*

အဆွေတော်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့မှုနှင့် နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခြင်းအခမ်းအနားသို့ ထိုင်းနိုင်ငံမှ အထူးကိုယ်စားလှယ် စေလွှတ် တက်ရောက်စေခြင်းတို့အပေါ် လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှစ်ဦး၏ ယခုတွေ့ဆုံမှုမှတစ်ဆင့် နှစ်နိုင်ငံအကြား ရှိရင်းစွဲကောင်းမွန်သည့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယခုအချိန်သည် နှစ်နိုင်ငံလုံးအတွက် အရေးကြီးသည့် အကူးအပြောင်းကာလဟု ဆိုနိုင်ပြီး ထိုင်းနိုင်ငံ၌ ရွေးကောက်ပွဲရလဒ်များမှတစ်ဆင့် အစိုးရသစ်တစ်ရပ်ပေါ်ထွက်လာခဲ့သကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ရွေးကောက်ခံအစိုးရသစ်ပေါ်ထွက်လာသည့် အချိန်ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်အခြေချပြီး ပိုမိုကောင်းမွန်သည့် အနာဂတ်ဆီကို ဦးတည်လျှောက်လှမ်းနေပြီဖြစ်ကာ မိမိတို့အစိုးရသစ်အနေဖြင့် လက်ရှိတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိ**ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးတွင်လည်း အိမ်နီးချင်းနှင့် ဒေသတွင်း မိတ်ဖက်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားပြီး အာဆီယံနှင့်လည်း ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိရေးကို အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းသည်မှာ ၁၅ နှစ်တာကာလမျှသာရှိသေးပြီး ဒီမိုကရေစီစနစ်ခိုင်မာစေရေး ငြိမ်းချမ်းရေးသည် မဖြစ်မနေ လိုအပ်သည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အဓိက ဦးစားပေးဆောင်ရွက်လျက်ရှိ**နေကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လမ်းကြောင်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိုင်းနိုင်ငံမှ ပံ့ပိုးကူညီလိုကြောင်း ကြားသိရသည့်အတွက်လည်း ကြိုဆိုအသိအမှတ်ပြုပါကြောင်း၊ ၂၀၁၅ ခုနှစ် NCA စတင်လက်မှတ်ရေးထိုးစဉ်ကတည်းက ထိုင်းနိုင်ငံက နိုင်ငံတကာ အသိသက်သေအဖြစ် ပါဝင်ခဲ့ပြီး NCA နှစ်ပတ်လည် အခမ်းအနားများကိုလည်း ကိုယ်စားလှယ်စေလွှတ် တက်ရောက်စေခဲ့သည့်အတွက် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ထိုင်းနိုင်ငံ၏ အစဉ်တစိုက် ပံ့ပိုးကူညီမှုများကို ကျေးဇူးတင်ရှိပါကြောင်း။

**မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဆီသို့ ဦးတည်လျှောက်လှမ်းလျက်ရှိပြီး ဖြတ်သန်းခဲ့ရသည့် သမိုင်းအဆက်ဆက်၏ အတွေ့အကြုံများအရ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဒေသကို အခြေခံသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးသွားမည်ဖြစ်**ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် အကြမ်းဖက်အဖွဲ့များကို နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာဖြေရှင်းရန် အကြိမ်ကြိမ် ဖိတ်ခေါ်ထားပြီးဖြစ်ပြီး NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသာမက လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့်အဖွဲ့များနှင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နှစ်နိုင်ငံအနေဖြင့် အစိုးရချင်းဆက်ဆံရေး၊ တပ်မတော်အချင်းချင်း ဆက်ဆံရေး၊ ပြည်သူအချင်းချင်းနှင့် အဖွဲ့အစည်းများအကြား ဆက်ဆံရေးတို့တွင် ကဏ္ဍပေါင်းစုံ၌ ခိုင်မာအားကောင်းလျက်ရှိပြီး မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (Natural Strategic Partnership) အဆင့်ရှိသည့် နိုင်ငံများလည်းဖြစ်ကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကို ၁၉၄၈ ခုနှစ်တွင် စတင်ထူထောင်ခဲ့ခြင်းဖြစ်သဖြင့် ၂၀၂၈



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ခုနှစ်တွင် သံတမန်ဆက်ဆံရေးထူထောင်မှု နှစ်(၈၀)ပြည့်မြောက်မည် ဖြစ်ကြောင်း၊ **နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများအကျိုးအတွက် ပိုမိုနီးကပ်သည့် မိတ်ဖက်ဆက်ဆံရေးကို ဆက်လက်ခိုင်မာအားကောင်းလာအောင် ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်**ပါကြောင်း၊ ယနေ့တွေ့ဆုံမှုမှ ရလဒ်ကောင်းများကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် နောင်အနာဂတ်တွင်လည်း လက်ရှိပူးပေါင်း ဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု အရှိန်အဟုန်များကို ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်က **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးအနေဖြင့် ယခုကဲ့သို့ နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးစီးပွားအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံအတွက် အမြဲတမ်းယုံကြည်ရသည့် မိတ်ဆွေနိုင်ငံဖြစ်**ပါကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် နယ်စပ်ဆိုင်ရာများနှင့် ပတ်သက်၍ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ဖွံ့ဖြိုးရေးမိတ်ဖက်နိုင်ငံအဖြစ် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြားကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားခြင်းအားဖြင့် နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြန်လည်ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံလွှတ်တော်များအကြား အပြန်အလှန်လေ့လာရေးခရီးစဉ်များ စေလွှတ်၍ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ကာကွယ်ရေးကဏ္ဍတွင် နှစ်နိုင်ငံအကြား မဟာဗျူဟာအဆင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရေး တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေ၊ နယ်စပ်ဒေသလုံခြုံရေး၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှု၊ တရားမဝင်ကုန်သွယ်မှုတို့အပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးတို့၌ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေ၊ စီးပွားရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍတို့၌ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေ၊ နှစ်နိုင်ငံအကြား ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စရပ်များတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**နားလည်မှုစာချွန်လွှာများနှင့် သဘောတူစာချုပ်များ အပြန်အလှန် လဲလှယ်**

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ်လဲလှယ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ၊ လုပ်သားများ ခန့်ထားရေးဆိုင်ရာ သဘောတူညီချက်၊ အာကာသနည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး နားလည်မှုစာချွန်လွှာ၊ နယ်နိမိတ်နှင့် နယ်စပ်ဖြတ်ကျော် မြစ်များ၏ ရေအရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ လုပ်ငန်းလမ်းညွှန်များ စသည့် သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ လေးခုတို့ကို နှစ်နိုင်ငံမှ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအနုထင် ချာဝီရကွန်တို့၏ ရှေ့မှောက်၌ လဲလှယ်ကြသည်။

လက်မှတ်ရေးထိုးပွဲအပြီးတွင် နှစ်နိုင်ငံအကြီးအကဲနှစ်ဦးတို့သည် တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အစိုးရအိမ်တော်မှ ပြန်လည်ထွက်ခွာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတ လိုက်ပါစီးနင်းမည့် အထူးယာဉ်တန်းနေရာအထိ ရင်းရင်းနှီးနှီး လိုက်ပါနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်တို့၏ ရှေ့မှောက်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား တာဝန်ရှိသူများက နားလည်မှုစာချွန်လွှာ လဲလှယ်ကြစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ထိုင်းနိုင်ငံသို့ သွားရောက်သည့် တရားဝင်ခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့၏ ပူးတွဲကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၆ ရက်မှ ၇ ရက်အထိ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့ပါသည်။ ခရီးစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များသည် ချစ်ကြည်ရင်းနှီးစွာဖြင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြသည်။

၂။ နှစ်နိုင်ငံခေါင်းဆောင်များသည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ကာလရှည်ကြာ တည်ရှိခဲ့သော ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အိမ်နီးချင်းကောင်းပီသမှုတို့ကို အားရကျေနပ်မှုများဖြင့် ဖော်ပြခဲ့ကြပြီး၊ နှစ်နိုင်ငံနှင့် ဒေသတွင်း အပြန်အလှန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘုံသာယာဝပြောရေးအတွက် အပြန်အလှန် အကျိုးစီးပွားများ ဖြစ်ထွန်းစေသည့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။

၃။ နှစ်နိုင်ငံခေါင်းဆောင်များသည် အဓိကကျသည့် အောက်ပါကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေရန် အရေးကြီးကြောင်း အလေးပေးပြောကြားခဲ့သည်-

၃.၁ **နိုင်ငံရေးနှင့်လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု**

၃.၁.၁ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးပူးတွဲကော်မရှင် (Joint Commission – JC) ကို ဆောလျင်စွာ ကျင်းပနိုင်ရေးအပါအဝင် ကဏ္ဍပေါင်းစုံ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရန် အဆင့်တိုင်းတွင် တွေ့ဆုံဆွေးနွေးမှုများနှင့် အပြန်အလှန် အဆင့်မြင့် ခရီးစဉ်များကို ပိုမိုလေးနက်ခိုင်မာစွာ ဆောင်ရွက်သွားရန် နှစ်ဖက်စလုံးက သဘောတူညီခဲ့ကြသည်။ နိုင်ငံရေးရာ ညှိနှိုင်းဆွေးနွေးပွဲ (political consultations)၊ မြန်မာနိုင်ငံ၏ သံတမန်သစ်များနှင့် အလယ်အလတ်အဆင့် သံတမန်များအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များ၊ နှစ်နိုင်ငံသံတမန်များ အပြန်အလှန် စေလွှတ်ရေး အစီအစဉ်များမှတစ်ဆင့် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေး၊ မြန်မာသံတမန်သင်တန်းကျောင်း (MDA) နှင့် ထိုင်းနိုင်ငံ Devawongse Varopakarn Institute of Foreign Affairs (DVIFA) တို့အကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးအပေါ် ကြိုဆိုခဲ့ကြသည်။

၃.၁.၂ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတွင် ခိုင်မာပြီး ကာလရှည်ကြာ တည်ရှိခဲ့သည့် မိတ်ဖက်ဆက်ဆံရေးကို နှစ်ဖက်စလုံးက ကြိုဆိုခဲ့ကြပြီး ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်မှ ဇူလိုင်လ ၁ ရက်အထိ ကျိုင်းတုံမြို့၌ ကျင်းပခဲ့သည့် (၃၈) ကြိမ်မြောက် ဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေး (Regional Border Committee – RBC) အပါအဝင် သက်ဆိုင်ရာ နှစ်နိုင်ငံ ယန္တရားများမှတစ်ဆင့် စဉ်ဆက်မပြတ် ဖြစ်ပေါ်တိုးတက်မှုများအပေါ် ကျေနပ်အားရစွာဖြင့် မှတ်သားခဲ့ကြသည်။ (၉) ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ (9th High-Level Committee-HLC) အစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်မှ ၂၁ ရက်အထိ ဗန်ကောက်မြို့တွင် ကျင်းပနိုင်ရန် မျှော်မှန်းခဲ့ကြသည်။

၃.၁.၃ နှစ်နိုင်ငံအကြား မဟာဗျူဟာအဆင့်တွင် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအားကောင်းစေရန်အတွက် မြန်မာနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ်တို့အကြား ကျင်းပမည့် လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲ (Security Dialogue) ကို နှစ်ဖက်စလုံးက ကြိုဆိုခဲ့ကြသည်။

၃.၁.၄ နှစ်နိုင်ငံပြည်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပိုမိုကောင်းမွန်သည့် လူမှုဘဝအခြေခံလိုအပ်ချက်များ ရရှိရေးတို့ကို ဖော်ဆောင်ပေးနိုင်ရန် မြန်မာ-ထိုင်း နယ်စပ်တွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ဖော်ဆောင်မည့် ပူးတွဲကတိကဝတ်ကို နှစ်ဖက်စလုံးက ဖော်ပြခဲ့ကြသည်။

၃.၁.၅ နိုင်ငံဖြတ်ကျော်မှုခင်းများ အထူးသဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် မူးယစ်ဆေးဝါး ကိစ္စရပ်များကို တိုက်ဖျက်ရာတွင် ပူးတွဲကြိုးပမ်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားရန် နှစ်ဖက်စလုံးက သဘောတူညီခဲ့ကြသည်။ ထို့ပြင် နိုင်ငံဖြတ်ကျော်မှုခင်းကွန်ရက်များ၏ ငွေကြေးစီးဆင်းမှုများကို ဖြတ်တောက်ဟန့်တားရေး ပူးတွဲဆောင်ရွက်မှုများနှင့် သတင်းအချက်အလက် မျှဝေမှုများမှတစ်ဆင့် မြန်မာ-ထိုင်း နယ်စပ်တစ်လျှောက်ရှိ အွန်လိုင်းလိမ်လည်မှုစင်တာများကို နှိမ်နင်းရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်မှုများကို တိုးမြှင့်ရန် သဘောတူညီခဲ့ကြသည်။ အထူးသဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များမှ တစ်ဆင့် နှစ်နိုင်ငံ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး အာဏာပိုင်များအကြား ရှိရင်းစွဲ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရေး တည်ဆောက်သွားရန် သဘောတူညီခဲ့ကြသည်။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး သတင်းအချက်အလက်များ မျှဝေမှုကို လွယ်ကူချောမွေ့စေရန်အတွက် မြန်မာနိုင်ငံ၏ Egmont Group အဖွဲ့ဝင်ဖြစ်ရေးကို ထိုင်းဘက်မှ ဆက်လက်ထောက်ခံကြောင်း ဖော်ပြခဲ့သည်။ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ တားဆီးကာကွယ်နှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်ရာတွင် ခိုင်မာအားကောင်းစေရေးအတွက် ကတိကဝတ်များကို နှစ်နိုင်ငံခေါင်းဆောင်များက ထပ်လောင်းအတည်ပြုခဲ့ကြသည်။

၃.၁.၆ နှစ်နိုင်ငံခေါင်းဆောင်များသည် မြန်မာနိုင်ငံ ပြည်ထောင်စုလွှတ်တော်နှင့် ထိုင်းနိုင်ငံ အမျိုးသားလွှတ်တော်တို့အကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းခဲ့ကြသည်။

၃.၂ **စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု**

၃.၂.၁ နှစ်နိုင်ငံ ကုန်သွယ်မှု ရည်မှန်းချက်၊ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံအထိ ရရှိစေရေးအတွက် နှစ်ဖက်စလုံးက နှစ်နိုင်ငံကုန်သွယ်မှုကို မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့ရေးတို့ကို ဆောင်ရွက်နိုင်ရန် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးအတွက် သဘောတူညီခဲ့ကြသည်။ ၂၀၂၆ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၌ ကျင်းပရန် စီစဉ်ထားရှိသည့် (၈) ကြိမ်မြောက် ပူးတွဲကုန်သွယ်ရေးကော်မရှင် အစည်းအဝေးတွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပိုမိုချောမွေ့စွာစီးဆင်းနိုင်ရေးအတွက် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အခက်အခဲများနှင့် အခြားအခက်အခဲများကို ဖြေရှင်းရန် နှစ်နိုင်ငံခေါင်းဆောင်များက ကြိုဆိုခဲ့ကြသည်။ တရားဝင်နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ အဆင်ပြေချောမွေ့စေရေးအတွက် နည်းလမ်းများကို ရှာဖွေရန် သက်ဆိုင်ရာ အာဏာပိုင်များအား တိုက်တွန်းအားပေးဆောင်ရွက်သွားရန်လည်း ခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။

၃.၂.၂ နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်သည့် အမှတ်-၂ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား (မြဝတီ-မဲဆောက်) နယ်စပ်ဂိတ် ပြန်လည်ဖွင့်လှစ်ခဲ့မှုကို ကြိုဆိုခဲ့ကြသည်။ နှစ်ဖက်စလုံးက နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ဆက်သွယ်ချိတ်ဆက်မှုကို မြှင့်တင်စေမည့် သတ်မှတ်ထားသော နယ်စပ်ဂိတ်မှတစ်ဆင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုကို လွယ်ကူချောမွေ့ လျင်မြန်စေရန် နည်းလမ်းများ ဆွေးနွေးခဲ့ကြသည်။ နှစ်ဖက်စလုံးသည် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် နှစ်နိုင်ငံ သဘောတူညီချက်နှင့် မြေပြင်လုံခြုံရေး အခြေအနေအပေါ်မူတည်၍ ကျန်ရှိနေသည့် နယ်စပ်ဂိတ်/ ကုန်သွယ်ရေးဂိတ်များကို ပြန်လည်ဖွင့်လှစ်နိုင်ရေး စဉ်းစားရန် သဘောတူညီခဲ့ကြသည်။

၃.၂.၃ နှစ်နိုင်ငံ ခေါင်းဆောင်များသည် အဆင့်မြှင့်တင်ထားသည့် သယ်ယူပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ချိတ်ဆက်မှုများမှတစ်ဆင့် လမ်းပန်းဆက်သွယ်ရေးကွန်ရက်များကို ခိုင်မာအားကောင်းစေရေး ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။ ကုန်းလမ်း၊ ပင်လယ်ရေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဖြတ်ကျော်လမ်းကြောင်းများပါဝင်သော ဘက်စုံပို့ဆောင်ဆက်သွယ်ရေး (Multi-modal Connectivity) ချိတ်ဆက်မှု အစီအစဉ်တစ်ခုလုံးကို ပေါင်းစပ်ညှိနှိုင်းရန်နှင့် နှစ်နိုင်ငံ ပြည်တွင်းဥပဒေများနှင့်အညီ သင့်လျော်သည့်နေရာတွင် နှစ်နိုင်ငံ၏ သက်ဆိုင်ရာ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများ ဟန်ချက်ညီစေရန်တို့အတွက် "မြန်မာ-ထိုင်းအကြား လမ်းပန်းဆက်သွယ်ရေးကွန်ရက် မြှင့်တင်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့" ထူထောင်ရေး၏ အရေးပါမှုကို ဖော်ပြခဲ့ကြသည်။ အနာဂတ်ဆွေးနွေးမှုနယ်ပယ်များတွင် နှစ်နိုင်ငံစလုံး၏နှစ်ဖက်သဘောတူညီချက်၊ သက်ဆိုင်ရာ ဖြစ်နိုင်ခြေ လေ့လာမှုများ၊ သက်ဆိုင်ရာ ပြည်တွင်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ရနောင်းဆိပ်ကမ်းနှင့် မြန်မာနိုင်ငံရှိ သင့်လျော်သည့် ဆိပ်ကမ်းများအကြား နှစ်ဖက်အကျိုးရှိသည့် ပင်လယ်ရေကြောင်း ဆက်သွယ်ရေး၊ အလားအလာရှိသော စီးပွားဖြစ် ကမ်းရိုးတန်းရေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုများ မြှင့်တင်ရေး၊ ဖူနမ်ရွှမ်-ထီးခီး-ထားဝယ် သယ်ယူပို့ဆောင်ရေးစင်္ကြံ ဖွံ့ဖြိုးတိုးတက်ရေး၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး စီမံကိန်းအဆင့် မြှင့်တင်ရေး၊ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးနှင့် နယ်စပ်တစ်လျှောက် သင့်လျော်သည့် အထူးစီးပွားရေးဇုန်များနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းနေရာများ ဖော်ဆောင်ရေးတို့ ပါဝင်ပါသည်။ ထိုသို့ကြိုးပမ်းမှုများက နှစ်နိုင်ငံစလုံးနှင့် ပိုမိုကျယ်ပြန့်သည့် ဒေသအတွင်း ကုန်သွယ်မှု မြှင့်တင်ရန်၊ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းနေရာများ အဆင်ပြေစေရန်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရန်၊ ချိတ်ဆက်မှုခိုင်မာစေရန် မျှော်မှန်းပါသည်။ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုင်းနိုင်ငံ အိမ်နီးချင်းနိုင်ငံများ စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကူညီပေးရေးအေဂျင်စီ (NEDA)၏ ကူညီပံ့ပိုးမှုကိုလည်း နှစ်နိုင်ငံ ခေါင်းဆောင်များက ကြိုဆိုခဲ့ကြသည်။

၃.၂.၄ နှစ်ဖက်စလုံးသည် စွမ်းအင်ဖူလုံရေးကို မဟာဗျူဟာမြောက် ဦးစားပေးကိစ္စရပ်အဖြစ် အသိအမှတ်ပြုခဲ့ကြပြီး စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန်၊ အထူးသဖြင့် တည်ငြိမ်၍ ယုံကြည်စိတ်ချရသော စွမ်းအင်အထောက်အပံ့ကို အာမခံချက်ရှိရန်နှင့် ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်ရန်အတွက် သဘာဝဓာတ်ငွေ့သယံဇာတများ ဖွံ့ဖြိုးတိုးတက်ရေး ရှာဖွေတူးဖော်မှု တိုးမြှင့်သွားရန် ထပ်လောင်းအတည်ပြုခဲ့ကြသည်။ နှစ်ဖက်စလုံးက နှစ်နိုင်ငံ စွမ်းအင်ဖူလုံမှုနှင့် အပြန်အလှန် အကျိုးစီးပွားကို မြှင့်တင်ရန် ရှိရင်းစွဲစီမံကိန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေး အထောက်အပံ့ပေးရန်နှင့် အနာဂတ်စီမံကိန်းများနှင့် ပတ်သက်သည့် ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရန် သဘောတူညီခဲ့ကြသည်။

၃.၂.၅ နှစ်ဖက်စလုံးသည် နှစ်နိုင်ငံအကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအသစ်နှင့် အလုပ်သမားများ အလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူညီချက်တို့ လက်မှတ်ရေးထိုးခဲ့ခြင်းကိုလည်း ကြိုဆိုခဲ့ကြသည်။

၃.၂.၆ နှစ်နိုင်ငံ ခေါင်းဆောင်များသည် နှစ်နိုင်ငံ ပုဂ္ဂလိကကဏ္ဍများအကြား ကွန်ရက်ချိတ်ဆက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်နိုင်ရန်အတွက် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၆ ရက်တွင် ဗန်ကောက်မြို့၌ မြန်မာ-ထိုင်း စီးပွားရေးဖိုရမ် ကျင်းပခဲ့ခြင်းကို ကြိုဆိုခဲ့ကြသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ ထိုင်း-မြန်မာ စီးပွားရေးကောင်စီ (TMBC)၊ မြန်မာနိုင်ငံ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအသင်း (TBAM) တို့အပါအဝင် ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းများအကြား ပိုမိုနီးကပ်စွာ ထိတွေ့ဆက်ဆံကြရန်နှင့် နယ်စပ်ဒေသများရှိ ဒေသဆိုင်ရာ ကုန်သည်ကြီးများအသင်းများအကြား တိုက်ရိုက်ပူးပေါင်းဆောင်ရွက်ကြရန်လည်း တိုက်တွန်းခဲ့ကြသည်။

*စာမျက်နှာ ၉ သို့*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ထိုင်းနိုင်ငံ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုပန်းစည်း ပေးအပ်စဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဩဂုတ် ၆

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၌ တရားဝင်ခရီးစဉ် (Official Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ယနေ့ညပိုင်းတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ်က ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံအစိုးရအဖွဲ့မှ အဆင့်မြင့် အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် ညစာစားပွဲကျင်းပမည့်နေရာသို့ ရောက်ရှိလာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့် နိုင်ငံတော်သမ္မတတို့သည် နှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာသုံးဆောင်နေစဉ်အတွင်း ထိုင်းနိုင်ငံ ယဉ်ကျေးမှုအဖွဲ့များက နှစ်နိုင်ငံတေးသီချင်းများ၊ အကအလှများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတနှင့်ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ထိုင်းနိုင်ငံ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုပန်းစည်းပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

၃.၃ **သဘာဝပတ်ဝန်းကျင် ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှု**

၃.၃.၁ နှစ်နိုင်ငံခေါင်းဆောင်များသည် မီးခိုးမြူညစ်ညမ်းမှု၊ လေဟာပြင် မီးရှို့ခြင်းနှင့် ရေညစ်ညမ်းမှုတို့အပါအဝင် နယ်စပ်ဖြတ်ကျော် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများ ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းစေရန် ၎င်းတို့၏ ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။

၃.၃.၂ နှစ်ဖက်စလုံးသည် တောမီးလောင်ကျွမ်းမှုလေ့လာစောင့်ကြည့်ရေးစနစ်နှင့် လေ့ကျင့်ရေးသင်တန်းများ တိုးတက်စေမှုမှတစ်ဆင့်အပါအဝင် တောမီးလောင်ကျွမ်းမှုတားဆီးကာကွယ်ရေးလုပ်ငန်းတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုခဲ့ကြသည်။ ထို့အပြင် ထိရောက်ပြီး ရေရှည်တည်တံ့သော ဖြေရှင်းမှုများကို တိုးမြှင့်လုပ်ဆောင်ရာတွင် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှု ထိန်းချုပ်ရေး (၃) နိုင်ငံ ပူးတွဲလုပ်ငန်းစီမံချက် (CLEAR Sky Strategy) နှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့်အပါအဝင် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရေး၊ စဉ်ဆက်မပြတ် သတင်းအချက်အလက်များ မျှဝေရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့၏ အရေးပါမှုကို အလေးထားပြောကြားခဲ့ပါသည်။

၃.၃.၃ နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံအကြား နယ်နိမိတ်နှင့် နယ်စပ်ဖြတ်ကျော်မြစ်များ ရေအရည်အသွေး စီမံခန့်ခွဲမှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ လုပ်ငန်းလမ်းညွှန် (TOR) အား လက်မှတ်ရေးထိုးခဲ့ခြင်းကို ကြိုဆိုခဲ့ကြသည်။ သက်ဆိုင်ရာဌာနများအနေဖြင့် ရေအရည်အသွေးစီမံခန့်ခွဲမှု နယ်ပယ်တွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ပူးတွဲလုပ်ငန်းအဖွဲ့၏ အစည်းအဝေးကို ဆောလျင်စွာနှင့် နှစ်ဖက်အဆင်ပြေမည့်အချိန်တွင် ကျင်းပရန် တာဝန်ပေးအပ်ခဲ့ကြသည်။

၃.၄ **လူမှု-ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု**

၃.၄.၁ နှစ်နိုင်ငံခေါင်းဆောင်များက ပြည်သူအချင်းချင်း ကူးလူးဆက်ဆံမှု (people-to-people exchanges)သည် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံအကြား ကာလရှည် ချစ်ကြည်ရင်းနှီးမှု၏ အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်ကြောင်း အလေးထား ပြောကြားခဲ့ကြသည်။ နှစ်ဖက်စလုံးက ၂၀၁၇ ခုနှစ် ခရီးသွားလာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာ ဆက်လက်အကောင်အထည်ဖော်ခြင်းကို ကြိုဆိုခဲ့ကြပြီး သတင်းအချက်အလက်များနှင့် အလေ့အကျင့်ကောင်းများ အပြန်အလှန် မျှဝေရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ခရီးသွားဧည့်သည်များ၏ ဘေးကင်းလုံခြုံရေးနှင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတို့မှတစ်ဆင့် သက်ဆိုင်ရာ ခရီးသွားလာရေးကဏ္ဍ တာဝန်ရှိသူများအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရန် သဘောတူညီခဲ့ကြသည်။

၃.၄.၂ နှစ်ဖက်စလုံးသည် (၁၇) ကြိမ်မြောက် ထိုင်း-မြန်မာ နည်းပညာ ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား မြန်မာ-ထိုင်း ၃ နှစ်တာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (၂၀၂၆-၂၀၂၈) အတည်ပြု ချမှတ်ရေးကို မျှော်မှန်းခဲ့ကြသည်။ မြန်မာ-ထိုင်း ၃ နှစ်တာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်သည် နှစ်နိုင်ငံ အပြန်အလှန်အကျိုးစီးပွားအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အထူးသဖြင့် ကျန်းမာရေး၊ ပညာရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရေး ကတိကဝတ်ကို ထင်ဟပ်စေသည်။

၃.၄.၃ ခေါင်းဆောင်များသည် နှစ်နိုင်ငံအကြား ချိတ်ဆက်သွားလာမှုကို ပိုမိုကောင်းမွန်စေပြီး ခရီးသွားလုပ်ငန်းနှင့် စီးပွားရေး အပြန်အလှန်ဆက်သွယ်မှုများကို ပိုမိုမြှင့်တင်ပေးနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ၊ စတုတ္ထ သုံးလပတ်တွင် ထိုင်းလေကြောင်းလိုင်းမှ ဗန်ကောက်-ရန်ကုန် လေကြောင်းခရီးစဉ် ထပ်မံတိုးချဲ့ပြေးဆွဲရန် စတင်မှုအားလည်း ကြိုဆိုခဲ့ကြသည်။

၃.၄.၄ နှစ်နိုင်ငံခေါင်းဆောင်များက ကမ္ဘာမြေလေ့လာစောင့်ကြည့်ရေး နည်းပညာနှင့်ယင်း၏ အသုံးချမှုများ၊ အထူးသဖြင့် ဘေးအန္တရာယ်၊ စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် မြန်မာအာကာသအေဂျင်စီ (MSA) နှင့် ထိုင်းနိုင်ငံ Geo-Informatics နှင့် အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (Geo-Informatics and Space Technology Development Agency -GISTDA) တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ခြင်းကို ကြိုဆိုခဲ့ကြသည်။

၄။ **ဒေသတွင်းအဆင့် ပူးပေါင်းဆောင်ရွက်မှု**

၄.၁ ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘုံအကျိုးစီးပွား မြှင့်တင်ရေးတို့အတွက် အာဆီယံ၊ ဘင်းမ်စတက် (BIMSTEC)၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) နှင့် မဲခေါင်ဒေသ ယန္တရားများအပါအဝင် ဒေသတွင်း မူဘောင်များမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန် ပံ့ပိုးကူညီရေးတို့ကို တိုးမြှင့်သွားရန် နှစ်ဖက်စလုံးမှ သဘောတူညီခဲ့ကြသည်။

၄.၂ မြန်မာနိုင်ငံမှ ACMECS ဥက္ကဋ္ဌတာဝန်ယူမှုအတွက် ထိုင်းနိုင်ငံက အစဉ်တစိုက် ထောက်ခံအားပေးမှုကို ထပ်လောင်းဖော်ပြခဲ့ပြီး ကျင်းပရန်ရှိသည့် (၁၁) ကြိမ်မြောက် ACMECS ထိပ်သီးအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ရေး မျှော်မှန်းခဲ့ကြသည်။

၄.၃ အာဆီယံ ပဋိညာဉ်စာတမ်း၊ မူများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အာဆီယံယန္တရားများနှင့် လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံ၏ အပြည့်အဝ တန်းတူညီမျှ ပါဝင်ခွင့်ရရှိရေးအတွက် ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် နီးကပ်စွာ ဆက်လက်လုပ်ဆောင်သွားရန်နှင့် ကူညီသွားရန် ထပ်လောင်းအတည်ပြုခဲ့သည်။ မြန်မာနိုင်ငံသည် အာဆီယံနှင့် ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိစေရေးအတွက် ကူညီဆောင်ရွက်ပေးရာတွင် ထိုင်းနိုင်ငံ၏ အပြုသဘောဆောင်သော အခန်းကဏ္ဍကို ကျေးဇူးတင်ကြောင်း ဖော်ပြခဲ့သည်။

၅။ **အခြားကိစ္စရပ်များ**

မြန်မာဦးဆောင်သော မြန်မာ့ကိုယ်ပိုင်နည်းလမ်းမှတစ်ဆင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် ရည်ရွယ်ချက်ဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ တိုးမြှင့်ဆောင်ရွက်ရေးအပေါ် မြန်မာနိုင်ငံ၏ ဆက်လက်ကတိကဝတ်ထားရှိမှုကို ထိုင်းနိုင်ငံက ကြိုဆိုခဲ့သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် နီးကပ်စွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိခြင်းကိုလည်း မြန်မာနိုင်ငံက ကြိုဆိုခဲ့သည်။

၆။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ တရားဝင်ခရီးစဉ်သည် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံအကြား ကာလရှည် ချစ်ကြည်ရင်းနှီးမှုနှင့် နီးကပ်သော မိတ်ဖက်ဆက်ဆံရေး၊ နှစ်နိုင်ငံအကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရန် နှစ်နိုင်ငံစလုံး၏ အပြန်အလှန် ဘုံကတိကဝတ်တို့ကို ထပ်လောင်းအတည်ပြုနိုင်ခဲ့သည်။ အဆင့်အားလုံးတွင် နီးကပ်သော ထိတွေ့ဆက်ဆံမှုများကို ဆက်လက်လုပ်ဆောင်သွားရန် နှစ်ဖက်စလုံးမှ သဘောတူညီခဲ့ကြသည်။

၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတက ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အပေါ် နွေးထွေးစွာ ဧည့်ဝတ်ကျေပွန်ခဲ့မှုများအတွက် ထိုင်းတော်ဝင်အစိုးရအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့ပြီး၊ ထိုင်းဘုရင့်နိုင်ငံ၊ ဝန်ကြီးချုပ်အား နှစ်ဖက်စလုံး အဆင်ပြေမည့်ကာလ၌ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားခဲ့သည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) ရောက်ရှိ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ဗန်ကောက်မြို့ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟဆက် ဖွာန်ကေ့ဂျဲ့ဝိုဲ နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

နေပြည်တော် ဩဂုတ် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်ရန်အတွက် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးကိုကိုလှိုင်၊ ဦးခင်မောင်စိုး၊ ဦးထွန်းအုံ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၂၀ ခန့်တွင် ဗန်ကောက်မြို့ ဒွန်မောင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟဆက် ဖွာန်ကေ့ဂျဲ့ဝိုဲ ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့် ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဝင်းသူလင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

**ခရီးဦးကြိုဆို**

ထိုသို့ကြိုဆိုစဉ် ထိုင်းဘုရင့်တပ်မတော်ဂုဏ်ပြုတပ်ဖွဲ့မှ နိုင်ငံ့အကြီးအကဲများအား ကြိုဆိုဂုဏ်ပြုသည့် ၂၁ လေ့ထိုးစိုင်လာနှင့်အညီ ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍လည်းကောင်း၊ ဂုဏ်ပြုအမြောက်တပ်ဖွဲ့မှ အမြောက် ၂၁ ချက် ပစ်ဖောက်၍ လည်းကောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ခရီးဦးကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM) ရုံးချုပ် Operations ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Ugochi DANIELS အား လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၆

ကျန်းမာရေးဝန်ကြီးဌာနနှင့် IOM တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ခုခံကျ/ ကာလသားရောဂါ၊ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများ၊ ရွှေ့ပြောင်းသွားလာပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများအား ဆက်လက်တိုးမြှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမဆောင်၌ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက်၊ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM) ရုံးချုပ်၏ Operations ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Ugochi DANIELS နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ (ယာပုံ)

ထို့ပြင် ဝန်ကြီးဌာနနှင့် IOM တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးနိုင်ရေး ကိစ္စရပ်များ၊ မန္တလေးငလျင် အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များတွင် IOM မှ ပံ့ပိုးကူညီခဲ့သည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ IOM ၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Iori KATO၊ မြန်မာနိုင်ငံဆိုင်ရာ IOM ရုံးမှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးကိုကိုကျော် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM) ရုံးချုပ်၏ Operations ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Ugochi DANIELS ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM) ရုံးချုပ်၏ Operations ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Ugochi DANIELS ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဓာတ်ပုံ)

ထိုသို့ တွေ့ဆုံစဉ် Ms. Ugochi DANIELS က သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် IOM အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကူညီဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ ထို့အပြင် မြန်မာအစိုးရနှင့် IOM တို့အကြား နှစ်ဖက်ပူးပေါင်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ IOM ၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Iori KATO၊ IOM ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Daihei Mochizuki နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေး ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ထိုင်းနိုင်ငံခရီးစဉ်တွင်လိုက်ပါလာသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယနေ့မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး Mr. Akanat Promphan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ခေတ္တတည်းခိုသည့် ဟိုတယ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဇော်စိုး တက်ရောက်ပြီး ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ မကြာခင်ရေးထိုးသွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ အားကောင်းသော သဘာဝဓာတ်ငွေ့စီမံကိန်းများတွင် ထိုင်းနိုင်ငံမှ ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ကွန်ရက်စနစ် ပိုမိုကြံ့ခိုင်ကောင်းမွန်စေရေးနှင့် တိုးချဲ့တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး မြန်မာနိုင်ငံတွင် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများအား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပုဇွန်တောင်ချောင်း ရေမြင့်တက်ခြင်းနှင့် မိုးရွာသွန်းမှုများခြင်းတို့ကြောင့် ဒဂုံတက္ကသိုလ်အတွင်း ရေလျှံရေဝပ်နေသဖြင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၆**

ပုဇွန်တောင်ချောင်း ရေမြင့်တက်ခြင်းနှင့် မိုးရွာသွန်းမှုများခြင်းတို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ ဒဂုံတက္ကသိုလ်အတွင်း ရေလျှံရေဝပ်နေသဖြင့် ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေနုတ်မြောင်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေးတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့်အတူ ယနေ့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုရာတွင် ဒဂုံတက္ကသိုလ် ကျောင်းဝင်းအတွင်း ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံပြန်လည်ပြုပြင်နေမှု၊ Recre–ation Centre တည်ဆောက်နေသည့် အခြေအနေ၊ တက္ကသိုလ်ဘောလုံးကွင်း၏ လက်ရှိအခြေအနေ၊ ပုဇွန်တောင်ချောင်း ရေလျှံမှုကြောင့် အဆောက်အအုံများ ပတ်လည်တွင် ရေဝပ်နေသည့် အခြေအနေ၊ ကွန်ကရစ်လမ်း ပျက်စီးမှုများ၊ Theatre အဆောက်အအုံများ ပြင်ဆင်ပေးရန် လိုအပ်သည့် အခြေအနေ၊ ကျောင်းဝင်းအတွင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် စက်၊ ယန္တရားများဖြင့် ရေထုတ်မြောင်းများ ဆောင်ရွက်နေမှု အခြေအနေကို အသေးစိတ် ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ဒဂုံတက္ကသိုလ်ရှိ အဆောက်အအုံများသည် နှစ်ကာလကြာမြင့်၍ ပျက်စီးနေခြင်းများကို တက္ကသိုလ်အင်္ဂါရပ်နှင့် ကိုက်ညီပြီး ဥပမိရုပ်ကောင်းမွန်စေရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေး တို့အတွက် ပြန်လည်ပြုပြင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကျောင်းဧရိယာ၏ အနိမ့်ဆုံးအပိုင်းဖြစ်သည့် ပုဇွန်တောင်ချောင်းနှင့် နီးစပ်သော မြောက်ဘက် မြေကွက်လပ်တွင် ရေကန်များ တူးဖော်၍ ရေစုပြီး ပန့်နှင့် စုပ်ထုတ်ခြင်းဖြင့် ရေလျှံရေဝပ်ခြင်းများကို ကာကွယ်နိုင်သည့်အပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တစ်ပါတည်း ထည့်သွင်း လျာထားဆောင်ရွက်နိုင်ကြောင်း ပြောကြားသည်။

ထို့အတူ တိုင်းဒေသကြီးဝန်ကြီးချုပ်က တက္ကသိုလ်အတွင်း ရေလျှံရေဝပ်မှု ကာကွယ်တားဆီးရန် ကျောင်းပတ်လည် ရေမြောင်းကြီးများ တူးဖော်ဆောင်ရွက်မည့် အခြေအနေ၊ လမ်းနှင့် ပလက်ဖောင်းများ ပြန်လည်ပြုပြင်မည့် အခြေအနေ၊ ကျောင်းအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ ဟန်ချက်ညီညီပေါင်းစပ်ဆောင်ရွက်နိုင်ရန် လိုအပ်

**နေပြည်တော် ဩဂုတ် ၆**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဟန်ချက်ညီညီ ပေါင်းစပ်ပေးနိုင်ရေးအတွက် မြန်မာနိုင်ငံအမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများနှင့် ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ မဟာဗျူဟာများ၊ ပင်မလုပ်ငန်းအစီအစဉ်များကို နိုင်ငံတော်အဆင့် အတည်ပြုချက်ရယူ၍ ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ ပထမအကြိမ် အစည်းအဝေးမှ သိရသည်။

အဆိုပါ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းတာဝန် (၂၅) ရပ် ချမှတ်ထားကြောင်း၊ လုပ်ငန်းတာဝန်များကို ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းကော်မတီ(၂) ရပ်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြီးကြပ်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီများကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ပတ်ဝန်းကျင်ဆိုင်ရာ ကွန်ဗင်းရှင်းများ၏အဖွဲ့ဝင် နိုင်ငံဖြစ်သည့်အားလျော်စွာ နိုင်ငံတကာ ကတိကဝတ်များကို ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသဖြင့် မြန်မာနိုင်ငံ အမျိုးသားအဆင့် ရာသီဥတု ပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (Nationally Determined Contributions–NDCs) ကို ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဘောင် ကွန်ဗင်းရှင်းအတွင်းရေးမှူးရုံးသို့ တင်သွင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်နှင့် ပင်လယ်ကမ်းရိုးတန်းဒေသရှိ စက်မှုနှင့် မြို့ပြလုပ်ငန်းဆိုင်ရာ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း များကိုလည်း ထုတ်ပြန်ခဲ့ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ၊ ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ချင်းတွင်းမြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၆**

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၆**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

# အရည်အသွေးကို အခြေခံသော ပညာရေးစနစ်၊ နိုင်ငံတကာအသိအမှတ်ပြုမှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အပိုင်း(၂)

*ဒေါက်တာဇော်ထွန်းအောင်(ပညာရေး)*

**ပုဂ္ဂလိကပညာရေး ဥပဒေ၊ ညွှန်ကြားချက်နှင့် တာဝန်ဝတ္တရားများ**

မြန်မာနိုင်ငံတွင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူခွင့်များကို ကာကွယ်စောင့်ရှောက်ရေးနှင့် ပညာရေး အရည်အသွေး အာမခံနိုင်ရေးတို့အတွက် ပညာရေးဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများနှင့် ညွှန်ကြားချက်များကို ပြဋ္ဌာန်းထားရှိပြီးဖြစ်သည်။

တည်ဆဲဥပဒေများနှင့် ပညာရေးဝန်ကြီးဌာန၏ စည်းမျဉ်း စည်းကမ်းများအရ မြန်မာနိုင်ငံအတွင်း ပုဂ္ဂလိကအခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘာသာရပ်အထူးပြု သင်တန်းကျောင်းများ၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများ၊ ကောလိပ်များနှင့် အဆင့်မြင့်ပညာရေးဆိုင်ရာ သင်တန်းအဖွဲ့အစည်းများကို ဖွင့်လှစ်လိုပါက သက်ဆိုင်ရာပညာရေးအဖွဲ့အစည်းများထံ တရားဝင်လျှောက်ထား မှတ်ပုံတင်ရမည်ဖြစ်ပြီး ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့် ကိုက်ညီကြောင်း စိစစ်အတည်ပြုခံယူပြီးမှသာ လုပ်ငန်းဆောင်ရွက်ခွင့် ရရှိမည်ဖြစ်သည်။

ထို့ပြင်ပုဂ္ဂလိကပညာရေးအဖွဲ့အစည်းများသည် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများ၊ သင်ကြားရေးစံနှုန်းများ၊ ဆရာအရည်အချင်း သတ်မှတ်ချက်များ၊ ကျောင်းသားရေးရာစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းများနှင့် အရည်အသွေးအာမခံမှုစနစ်များကို လိုက်နာရန် တာဝန်ရှိသည်။ ထို့အတူ ကျောင်းသားများနှင့် မိဘပြည်သူများအား ပညာရေးဆိုင်ရာ သတင်းအချက်အလက်များကို မှန်ကန်စွာ ထုတ်ပြန်ပေးရန်၊ လုပ်ငန်းလိုင်စင်နှင့် မှတ်ပုံတင်အခြေအနေများကို ပွင့်လင်းမြင်သာစွာ ဖော်ပြရန်နှင့် မမှန်ကန်သော ကြော်ငြာမှုများ မပြုလုပ်ရန်လည်း တာဝန်ရှိသည်။

ထို့အပြင် ပုဂ္ဂလိကပညာရေးအဖွဲ့အစည်းများ အနေဖြင့် မိမိတို့ထုတ်ပေးသော ဘွဲ့၊ ဒီပလိုမာ၊ အောင်လက်မှတ်၊ ပညာရေးမှတ်တမ်း၊ အရည်အချင်းလက်မှတ်များနှင့် အခြားအထောက်အထား စာရွက်စာတမ်းများ၏ တရားဝင်မှု၊ စိစစ်နိုင်မှုနှင့် မှန်ကန်မှုကို အပြည့်အဝတာဝန်ယူရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လက်တွေ့အခြေအနေအရ အချို့သော ပညာရေးအဖွဲ့အစည်းများသည် နိုင်ငံတကာ တက္ကသိုလ် အမည်များ၊ နိုင်ငံတကာအသိအမှတ်ပြုမှုများ သို့မဟုတ် အလုပ်အကိုင်အာမခံချက်များကို ကြော်ငြာရာတွင် ကျောင်းသားများနှင့် မိဘများ နားလည်မှုလွဲမှားစေနိုင်သည့် အခြေအနေများ ရှိနိုင်သဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ စိစစ်ကြပ်မတ်မှုနှင့်အတူ ပညာရေးအဖွဲ့အစည်းများ ကိုယ်တိုင်လည်း ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို တာဝန်သိစွာ လိုက်နာရန်လိုအပ်ပါသည်။

မည်သည့် ပညာရေးအဖွဲ့အစည်းမဆို တရားဝင် မှတ်ပုံတင်ထားခြင်းမရှိဘဲ ဖွင့်လှစ်ခြင်း၊ ခွင့်ပြုချက် မရှိသော ဘွဲ့နှင့်အောင်လက်မှတ်များ ထုတ်ပေးခြင်း၊ ပညာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း၊ မမှန်ကန်သော ပညာရေးအချက်အလက်များဖြင့် လူအများအား လှည့်ဖြားဆွဲဆောင်ခြင်းများသည် တည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များကို ချိုးဖောက်ရာရောက်နိုင်ပြီး ဥပဒေနှင့်အညီ စိစစ်အရေးယူခြင်း၊ မှတ်ပုံတင်ခွင့်ရုပ်သိမ်းခြင်း၊ လုပ်ငန်းရပ်ဆိုင်းခြင်း သို့မဟုတ် အခြားသက်ဆိုင်ရာ အရေးယူဆောင်ရွက်မှုများ ခံရနိုင်ပါသည်။

ထို့ကြောင့် ပညာရေးကဏ္ဍ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းရန်၊ ကျောင်းသားလူငယ်များ၏ အနာဂတ်ကို ကာကွယ်ရန်နှင့် နိုင်ငံတော်၏ ပညာရေးစနစ်အပေါ် ပြည်သူလူထု၏ ယုံကြည်မှုကို မြှင့်တင်ရန်အတွက် ပုဂ္ဂလိကပညာရေးအဖွဲ့အစည်းများ အားလုံးက ပညာရေးဝန်ကြီးဌာန၏ မူဝါဒများ၊ ဥပဒေများ၊ နည်းဥပဒေများနှင့် ညွှန်ကြားချက်များကို အပြည့်အဝလိုက်နာဆောင်ရွက်ရန်မှာ အရေးကြီးသော တာဝန်တစ်ရပ်ဖြစ်ကြောင်း အလေးအနက်ထား ဖော်ပြလိုပါသည်။

**ပညာရေးဝန်ဆောင်မှုနှင့် သတိပြုဆန်းစစ်ရမည့် လမ်းညွှန်ချက်များ**

ပညာရေးသည် လူတစ်ဦး၏ အနာဂတ်ဘဝ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုကို ဆုံးဖြတ်ပေးနိုင်သည့် အရေးပါသော ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည်။ ထို့ကြောင့် ကျောင်းသားများနှင့် မိဘပြည်သူများအနေဖြင့် ကျောင်း၊ ကောလိပ်၊ တက္ကသိုလ် သို့မဟုတ် သင်တန်းကျောင်း တစ်ခုကို ရွေးချယ်ရာတွင် ပညာရေးဝန်ဆောင်မှုကို သုံးစွဲသူများအဖြစ် အသိပညာပြည့်ဝစွာ ဆုံးဖြတ်ရန် အရေးကြီးပါသည်။

> ❖ **ပညာရေးဝန်ဆောင်မှုတစ်ခုကို ရွေးချယ်ရာတွင် ကြော်ငြာစာသားများ၊ လူမှုကွန်ရက်ပေါ်ရှိ ဖော်ပြချက်များ သို့မဟုတ် နှုတ်ဖြင့် ကတိပြုချက်များကိုသာ အခြေခံဆုံးဖြတ်ခြင်းမပြုဘဲ တရားဝင်စာရွက်စာတမ်းများ၊ အသိအမှတ်ပြုမှု အထောက်အထားများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အချက်အလက်များကို စနစ်တကျ စစ်ဆေးအတည်ပြုရန် လိုအပ်**
>
> ❖ **စနစ်ကျသော ပညာရေးဂေဟစနစ်၊ တာဝန်ယူမှုရှိသော ပညာရေးအဖွဲ့အစည်းများနှင့် သင်ယူလိုစိတ်ပြင်းပြသောလူငယ်များ ပေါင်းစပ်နိုင်မှသာ မြန်မာနိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရမည့် ပညာတတ်နိုင်ငံအကျိုးပြု လူ့စွမ်းအားအရင်းအမြစ်များကို ရေရှည်တည်တံ့စွာ ထိန်းသိမ်းဖွံ့ဖြိုးစေနိုင်မည်**

လက်တွေ့တွင် မြန်မာနိုင်ငံ၌ "နိုင်ငံတကာကျောင်း"၊ "နိုင်ငံခြားဘွဲ့ရရှိနိုင်သော သင်တန်း"၊ "နိုင်ငံတကာတက္ကသိုလ်နှင့် ပူးပေါင်းသင်ကြားမှု"၊ "အချိန်တိုအတွင်း ဒီပလိုမာနှင့် ဘွဲ့ရရှိနိုင်ခြင်း" စသည့်ကြော်ငြာများကို တွေ့မြင်ရလေ့ရှိပါသည်။ သို့ရာတွင် ကြော်ငြာပါအချက်အလက်များ အားလုံးသည် တရားဝင်အသိအမှတ်ပြုထားသော အရည်အချင်းများဖြစ်သည်ဟု ယူဆ၍မရပါ။ အချို့သော အဖွဲ့အစည်းများသည် နိုင်ငံတကာတက္ကသိုလ် အမည်၊ နိုင်ငံခြားအလံ သို့မဟုတ် နိုင်ငံတကာ အသုံးအနှုန်းများကို အသုံးပြုထားသော်လည်း သက်ဆိုင်ရာ တက္ကသိုလ်၏ တရားဝင်ခွင့်ပြုချက် သို့မဟုတ် အသိအမှတ်ပြုမှုမရှိနိုင်သည့် အခြေအနေများလည်း ရှိနိုင်ပါသည်။ ထိုသို့သော ကျောင်းများသည် ပုဂ္ဂလိကပညာရေးဥပဒေနှင့် မကိုက်ညီသည့်အတွက် အရေးယူခံရနိုင်ပါသည်။

ထို့ကြောင့် ကျောင်းသားများနှင့် မိဘများအနေဖြင့် ပညာရေးဝန်ဆောင်မှုတစ်ခုအတွက် ကျောင်းလခ၊ သင်တန်းကြေး သို့မဟုတ် အခြားကုန်ကျစရိတ်များ မပေးသွင်းမီ အောက်ပါအချက်များကို သေချာစွာ စစ်ဆေးသင့်ပါသည်။

(က) **ကျောင်း၏ တရားဝင် မှတ်ပုံတင်မှုကို စစ်ဆေးခြင်း**

ကျောင်း၊ သင်တန်း၊ စင်တာ သို့မဟုတ် ကောလိပ်တစ်ခုသည် သက်ဆိုင်ရာ ပညာရေးအဖွဲ့အစည်းများထံတွင် တရားဝင်မှတ်ပုံတင်ထားခြင်း ရှိ၊ မရှိကို မေးမြန်းစစ်ဆေးသင့်ပါသည်။ မှတ်ပုံတင်လက်မှတ်၊ ခွင့်ပြုမိန့်နှင့် သက်တမ်းတိုး စာရွက်စာတမ်းများကို ပွင့်လင်းမြင်သာစွာ ပြသထားခြင်း ရှိ၊ မရှိကိုလည်း ကြည့်ရှုသင့်ပါသည်။

(ခ) **နိုင်ငံတကာတက္ကသိုလ် သို့မဟုတ် မိတ်ဖက်အဖွဲ့အစည်း၏ စစ်မှန်မှုကို စစ်ဆေးခြင်း**

ကျောင်းတစ်ကျောင်းက နိုင်ငံတကာတက္ကသိုလ်တစ်ခုနှင့် ပူးပေါင်းဆောင်ရွက်ကြောင်း ကြေညာပါက အဆိုပါတက္ကသိုလ်သည် ယင်း၏ မိခင်နိုင်ငံတွင် တရားဝင် အသိအမှတ်ပြုခံထားရသော တက္ကသိုလ် ဟုတ်၊ မဟုတ်ကို လေ့လာသင့်ပါသည်။ ထို့ပြင် အဆိုပါတက္ကသိုလ်၏ တရားဝင် ဝက်ဘ်ဆိုက်တွင် မြန်မာနိုင်ငံရှိ မိတ်ဖက်ကျောင်း သို့မဟုတ် သင်ကြားရေးစင်တာ၏ အမည် ပါဝင်ခြင်း ရှိ၊ မရှိကိုလည်း စစ်ဆေးသင့်ပါသည်။

(ဂ) **ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များ၏ အသိအမှတ်ပြုမှုကို စုံစမ်းခြင်း**

သင်တန်းပြီးဆုံးပါက ရရှိမည့် ဘွဲ့၊ ဒီပလိုမာ၊ အောင်လက်မှတ်၊ ပညာရေးမှတ်တမ်းနှင့် အရည်အချင်းလက်မှတ်များသည် အလုပ်ခန့်အပ်မှု၊ ပညာဆက်လက်သင်ယူမှုများတွင် အသုံးပြုနိုင်မည့်၊ အသိအမှတ်ပြုနိုင်သည့် တရားဝင်အရည်အချင်း ဟုတ်၊ မဟုတ်ကို ကြိုတင်မေးမြန်းသင့်ပါသည်။ "နိုင်ငံတကာအသိအမှတ်ပြု"ဟု ကြော်ငြာထားရုံဖြင့် မလုံလောက်ဘဲ မည်သည့်အဖွဲ့အစည်းက အသိအမှတ်ပြုထားသည်ကို တိကျစွာသိရှိရန် လိုအပ်ပါသည်။

(ဃ) **သင်ရိုးညွှန်းတမ်းနှင့် သင်ကြားရေးအရည်အသွေးကို လေ့လာခြင်း**

ကျောင်းသားများသည် ကျောင်း၏ သင်ရိုးညွှန်းတမ်း၊ ဆရာ၊ ဆရာမများ၏ အရည်အချင်း၊ သင်ကြားရေးနည်းလမ်းများ၊ စာမေးပွဲစနစ်နှင့် ကျောင်းပြီးဆုံးပြီးနောက် ရရှိနိုင်မည့်အခွင့်အလမ်းများကို ကြိုတင်လေ့လာသင့်ပါသည်။

(င) **အလွန်အကျွံကတိပေးသောကြော်ငြာများကို သတိထားခြင်း**

"စာမေးပွဲမဖြေဘဲ ဘွဲ့ရမည်"၊ "လအနည်းငယ်အတွင်း မဟာဘွဲ့ရနိုင်သည်"၊ "အလုပ်အကိုင် ၁၀၀ ရာခိုင်နှုန်း အာမခံသည်"၊ "နိုင်ငံတိုင်းတွင် အသုံးပြုနိုင်သောဘွဲ့" စသည့်အလွန်အကျွံ ကတိပေးသော ကြော်ငြာများကို အထူးသတိထားရန် လိုပါသည်။ နိုင်ငံတကာအတွေ့အကြုံများအရ ယင်းကဲ့သို့သော ကြော်ငြာများသည် ဆွဲဆောင်ရန် အသုံးပြုသော ဈေးကွက်ရှာဖွေရေးနည်းလမ်းများ ဖြစ်နိုင်ပါသည်။

ပညာရေးဝန်ဆောင်မှုတစ်ခုကို ရွေးချယ်ရာတွင် ကြော်ငြာစာသားများ၊ လူမှုကွန်ရက်ပေါ်ရှိ ဖော်ပြချက်များ သို့မဟုတ် နှုတ်ဖြင့် ကတိပြုချက်များကိုသာ အခြေခံဆုံးဖြတ်ခြင်းမပြုဘဲ တရားဝင်စာရွက်စာတမ်းများ၊ အသိအမှတ်ပြုမှု အထောက်အထားများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အချက်အလက်များကို စနစ်တကျ စစ်ဆေးအတည်ပြုရန် လိုအပ်ပါသည်။

ပညာရေးသည် လူငယ်များ၏ အနာဂတ်အတွက် အရေးကြီးဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်သကဲ့သို့ မှန်ကန်သောကျောင်းနှင့် သင်တန်းကို ရွေးချယ်နိုင်ရေးအတွက် အသိပညာရှိခြင်းသည်လည်း အလွန်အရေးကြီးပါသည်။

**လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးပြည့်ဝသော ပညာရေးစနစ် တည်ဆောက်ခြင်း**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာတိုးတက်မှု၊ အုပ်ချုပ်ရေးစွမ်းဆောင်ရည်နှင့် နိုင်ငံတော်လုံခြုံရေးအင်အားတို့၏ အခြေခံအုတ်မြစ်မှာ အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်ပင်ဖြစ်သည်။ သဘာဝသယံဇာတများ ကြွယ်ဝနေသော်လည်း ပညာတတ်ကျွမ်းကျင်သော လူသားအရင်းအမြစ်မလုံလောက်ပါက နိုင်ငံတစ်နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အာမခံနိုင်မည် မဟုတ်ပေ။

လူ့စွမ်းအားအရင်းအမြစ်ဆိုသည်မှာ ဘွဲ့လက်မှတ် သို့မဟုတ် အောင်လက်မှတ်များကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ အသိပညာ၊ ကျွမ်းကျင်မှု၊ အတွေးအခေါ်စွမ်းရည်၊ စာရိတ္တနှင့် တာဝန်ယူမှု၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ပြဿနာဖြေရှင်းနိုင်စွမ်းတို့ကို စုစည်းထားသော လူသားအရည်အသွေး တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် အရည်အသွေးမရှိသော လက်မှတ်များ၊ အတည်ပြုနိုင်ခြင်းမရှိသော ဘွဲ့များနှင့် အမှန်တကယ်ကျွမ်းကျင်မှုမရှိသော အရည်အချင်းများသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကို အားနည်းစေနိုင်သည်။

လက်တွေ့တွင် နိုင်ငံအချို့၌ စာရွက်စာတမ်းအရ ပညာအရည်အချင်း (Paper Qualification) ဟု ခေါ်သော လက်မှတ်ရှိသော်လည်း လုပ်ငန်းခွင်စွမ်းရည်မရှိသည့် အခြေအနေများကို ကြုံတွေ့ရလေ့ရှိသည်။ ယင်းအခြေအနေများ ပိုမိုများပြားလာပါက အလုပ်ရှင်များ၏ ယုံကြည်မှုကျဆင်းလာနိုင်ပြီး ပညာရေးစနစ်တစ်ခုလုံး၏ ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် ပညာရေး၏ အဓိကရည်ရွယ်ချက်မှာ လက်မှတ်ထုတ်ပေးခြင်းထက် အမှန်တကယ် အသုံးချနိုင်သော အသိပညာနှင့် ကျွမ်းကျင်မှုများကို မွေးထုတ်ပေးခြင်း ဖြစ်ရပါမည်။

မြန်မာနိုင်ငံ၏ လက်တွေ့အခြေအနေကို သုံးသပ်ကြည့်ပါက အခြေခံပညာမှ အဆင့်မြင့်ပညာအထိ ကျောင်းသားလူငယ်များစွာသည် ပညာရေးအခွင့်အလမ်းများ ရရှိရေးအတွက် ကြိုးစားလျက်ရှိကြသည်။ တစ်ဖက်တွင်လည်း နိုင်ငံတကာပညာရေး၊ နည်းပညာအခြေပြုသင်ကြားရေး

*စာမျက်နှာ ၁၃ သို့*

## ရောဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော် ဩဂုတ် ၆**

တတိယအကြိမ် ရောဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရောဝတီတိုင်းဒေသကြီး၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းလျာထားချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးသက်ဆိုင်ရာဝန်ကြီးက တင်ပြပြီး အဆိုပါဖြည့်စွက်ခွင့်ပြုငွေစာရင်းလျာထားချက်အား ရေးရာကော်မတီများအလိုက် စိစစ်ဆောင်ရွက်ရန်နှင့် ပြည်သူ့ငွေစာရင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေး၊ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးရာ ကော်မတီက ဆက်လက်ဆောင်ရွက်ရန် ကြေညာသည်။

ဆက်လက်၍ ရောဝတီတိုင်းဒေသကြီး၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်က လွှတ်တော်သို့တင်သွင်းပြီး အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေး၊ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးရာ ကော်မတီက သဘောထားတင်ပြရမည့်ရက်ကို သတ်မှတ်ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ရောဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့အစည်းအဝေးကို ရပ်နားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





## မန္တလေးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ

**မန္တလေး ဩဂုတ် ၆**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (တတိယနေ့)ကို ယနေ့နံနက် ၁၀ နာရီက မန္တလေး အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ စုစုပေါင်း ၇၂ ဦး တက်ရောက်ကြပြီး တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်(၁၆)ဦး မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်း(၂၀)ကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်သည်။

ထို့ပြင် "မန္တလေးတိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို အရှိန်အဟုန်မြင့်ဆောင်ရွက်နိုင်ရေး" အဆိုကို ချမ်းမြသာစည်မြို့နယ်၊ ကိုယ်စားလှယ်အမှတ် (၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကျော်က လွှတ်တော်သို့ တင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံဆွေးနွေး၍ အဆိုကို ဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုနှင့်ပတ်သက်၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်း နိုင်ကြောင်းနှင့် ဆွေးနွေးမည့် နေ့ရက်ကို ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး (တတိယနေ့) ကို ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်မော်ထွန်း(ပြန်/ဆက်)**

**မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းနှင့် မိုးကြိုးပစ်ခြင်းဖြစ်ပေါ်နိုင်**

**နေပြည်တော် ဩဂုတ် ၆**- မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

**နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ။**

*စာမျက်နှာ ၁၂ မှ*

စနစ်များ၊ အွန်လိုင်းသင်ယူမှုများနှင့် အလုပ်အကိုင်ဈေးကွက်၏ လိုအပ်ချက်များသည် လျင်မြန်စွာ ပြောင်းလဲလျက်ရှိသည်။ ထို့ကြောင့် ကျောင်းများနှင့် ပညာရေးအဖွဲ့အစည်းများသည် စာမေးပွဲအောင်မြင်ရေးတစ်ခုတည်းကိုသာ အာရုံစိုက်ခြင်းမဟုတ်ဘဲ ၂၁ ရာစု ကျွမ်းကျင်မှုများ၊ ဒီဂျစ်တယ်နည်းပညာအသုံးချနိုင်မှု၊ ဘာသာစကားစွမ်းရည်၊ ဆက်သွယ်ပြောဆိုနိုင်စွမ်းနှင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုများကိုပါ ဖွံ့ဖြိုးစေရန် အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။

ထို့ကြောင့် ပညာရေးစနစ်တစ်ခု၏ အောင်မြင်မှုကို ဘွဲ့ရအရေအတွက်၊ အောင်ချက်ရာခိုင်နှုန်း သို့မဟုတ် လက်မှတ်အရေအတွက်များဖြင့်သာ တိုင်းတာ၍မရဘဲ အမှန်တကယ် အလုပ်အကိုင်ရရှိမှု၊ ကျွမ်းကျင်မှုဖွံ့ဖြိုးမှု၊ ဆန်းသစ်တီထွင်နိုင်စွမ်းနှင့် လူမှုအသိုင်းအဝိုင်းအပေါ် အကျိုးပြုနိုင်မှုများဖြင့် တိုင်းတာသင့်ပါသည်။

အနာဂတ်တွင် မြန်မာနိုင်ငံ၏ ပညာရေးစနစ်အားကောင်းလာစေရန်အတွက် ပညာရေးဝန်ကြီးဌာန၊ တက္ကသိုလ်များ၊ ပုဂ္ဂလိကပညာရေးအဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ မိဘများနှင့် လူမှုအသိုင်းအဝိုင်းတစ်ရပ်လုံးတို့က ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ တရားဝင်အသိအမှတ်ပြုမှု၊ အရည်အသွေးအာမခံမှု၊ ခေတ်မီသင်ရိုးညွှန်းတမ်းများ၊ ဆရာအရည်အချင်းမြှင့်တင်ရေးနှင့် ကျောင်းသားဗဟိုပြုသင်ကြားရေးစနစ်များကို တိုးမြှင့်ဆောင်ရွက်ခြင်းအားဖြင့်သာ နိုင်ငံတော်အတွက် အမှန်တကယ် အားကိုးရမည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပါသည်။

ပညာရေး၏ အန္တိမရည်မှန်းချက်မှာ လက်မှတ်ရရှိရေးမဟုတ်ဘဲ အရည်အသွေးရှိသော လူသားအရင်းအမြစ်များ မွေးထုတ်ပေးရေးဖြစ်သည်။ စနစ်ကျသော ပညာရေးဂေဟစနစ်၊ တာဝန်ယူမှုရှိသော ပညာရေးအဖွဲ့အစည်းများနှင့် သင်ယူလိုစိတ်ပြင်းပြသောလူငယ်များ ပေါင်းစပ်နိုင်မှသာ မြန်မာနိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရမည့် ပညာတတ်နိုင်ငံအကျိုးပြုလူ့စွမ်းအားအရင်းအမြစ်များကို ရေရှည်တည်တံ့စွာ ထိန်းသိမ်းဖွံ့ဖြိုးစေနိုင်မည်ဖြစ်ပါသည်။

**စည်းမျဉ်းဥပဒေများကို လေးစားလိုက်နာ၍ အရည်အသွေးမြင့် ပညာရေးအသိုက်အဝန်းကို အတူတကွ တည်ဆောက်ကြပါစို့**

ယနေ့ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍသည် ကမ္ဘာ့ပညာရေးစနစ်များ၏ လျင်မြန်သော ပြောင်းလဲတိုးတက်မှု၊ ဒီဂျစ်တယ်နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်ဈေးကွက်၏ လိုအပ်ချက်အသစ်များနှင့် ၂၁ ရာစုကျွမ်းကျင်မှုများ၏ စိန်ခေါ်မှုများကို ရင်ဆိုင်လျက်ရှိပါသည်။ ထိုအခြေအနေတွင် ပညာရေးအဖွဲ့အစည်းများသည် လက်မှတ်ပေးအပ်ခြင်းထက် အသုံးချနိုင်သော အသိပညာ၊ ကျွမ်းကျင်မှု၊ စာရိတ္တကောင်းမွန်မှုနှင့် တီထွင်ဖန်တီးနိုင်စွမ်းတို့ကို ပြုစုပျိုးထောင်ပေးနိုင်သည့် အရည်အသွေးမြင့် ပညာရေးကို ဦးတည်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

တစ်ဖက်တွင်လည်း ပညာရေးစနစ်၏ ယုံကြည်စိတ်ချရမှုနှင့် ဂုဏ်သိက္ခာသည် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အရည်အသွေးအာမခံမှုနှင့် ပွင့်လင်းမြင်သာ၍ တာဝန်ယူမှုရှိသော စီမံခန့်ခွဲမှုတို့အပေါ်တွင် မူတည်လျက်ရှိပါသည်။ ထို့ကြောင့် ပုဂ္ဂလိကပညာရေးကျောင်းများ၊ နိုင်ငံတကာကျောင်းများ၊ ကောလိပ်များနှင့် သင်တန်းအဖွဲ့အစည်းများက ပညာရေးဝန်ကြီးဌာန၏ မူဝါဒများ၊ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များကို လိုက်နာ၍ တရားဝင်အသိအမှတ်ပြုမှု၊ အရည်အသွေးအာမခံမှုနှင့် ပွင့်လင်းမြင်သာသော စီမံခန့်ခွဲမှုစနစ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် အရေးကြီးပါသည်။

ပညာရေးသည် လူတစ်ဦးချင်းစီ၏ အနာဂတ်ကို ပုံဖော်ပေးရုံသာမက နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးသည့် အခြေခံမဏ္ဍိုင်တစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် တရားဝင်မှု၊ အရည်အသွေး၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုတို့ကို အခြေခံသော ပညာရေးစနစ်တစ်ရပ် တည်ဆောက်နိုင်ခြင်းသည် မြန်မာ့ပညာရေး၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော လမ်းကြောင်းဖြစ်ပါသည်။

ယင်းရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် ပညာရေးဝန်ကြီးဌာန၏ ဦးဆောင်မှု၊ ပုဂ္ဂလိကပညာရေးအဖွဲ့အစည်းများနှင့် နိုင်ငံတကာကျောင်းများ၏ တာဝန်ယူမှုရှိသော စီမံခန့်ခွဲမှု၊ ဆရာ၊ ဆရာမများ၏ ပညာရပ်နှင့် သင်ကြားရေးစွမ်းရည်၊ မိဘများ၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ကြိုးပမ်းသင်ယူလိုစိတ်တို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန်အားဖြည့်ပေးသည့် အရေးပါသော အင်အားစုများ ဖြစ်ပါသည်။

အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် လက်မှတ် သို့မဟုတ် ဘွဲ့တစ်ခုရရှိရေးထက် အသိပညာ၊ ကျွမ်းကျင်မှု၊ ဆန်းသစ်တီထွင်နိုင်စွမ်း၊ လိုက်လျောညီထွေဖြစ်နိုင်စွမ်းနှင့် တာဝန်ယူမှုရှိသော စိတ်ဓာတ်တို့ကို ဖွံ့ဖြိုးတိုးတက်စေရန် အစဉ်တစိုက်ကြိုးပမ်းအားထုတ်ခြင်းသည် အနာဂတ်လူ့အဖွဲ့အစည်းအတွက် ပိုမိုတန်ဖိုးရှိသော ရင်းနှီးမြှုပ်နှံမှုဖြစ်ပါသည်။

ပုဂ္ဂလိကပညာရေးအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစွာ မြှင့်တင်သွားရန် လိုအပ်ပါသည်။ ထို့အပြင် တာဝန်သိစိတ်နှင့် တာဝန်ယူမှု ယဉ်ကျေးမှုကို အဖွဲ့အစည်းအဆင့်တိုင်းတွင် ပိုမိုခိုင်မာစွာ တည်ဆောက်ရန် လိုအပ်ပါသည်။ ယင်းနှင့်အတူ ဥပဒေများ၊ မူဝါဒများနှင့် စည်းမျဉ်း စည်းကမ်းများကို လေးစားလိုက်နာသော အဖွဲ့အစည်းယဉ်ကျေးမှုကိုလည်း ပိုမိုခိုင်မာစေရန် ဆောင်ရွက်ရပါမည်။ ထိုသို့သော ပူးပေါင်းဆောင်ရွက်မှုများနှင့် မူဝါဒအခြေပြု အကောင်အထည်ဖော်မှုများမှတစ်ဆင့် အရည်အသွေးမြင့်၊ တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့သော ပညာရေးဝန်းကျင်တစ်ရပ် ပိုမိုခိုင်မာစွာ ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ငလျင်ကြောင့် ကားအစိတ်အပိုင်းစက်ရုံ ထိခိုက်ပျက်စီးပြီးနောက် ဟွန်ဒါ၏ စက်ရုံသုံးရုံ ထုတ်လုပ်မှုယာယီရပ်ဆိုင်း

**တိုကျို ဩဂုတ် ၆**

လွန်ခဲ့သည့်သီတင်းပတ်က ကူမာမိုတိုခရိုင်ရှိ ကားအစိတ်အပိုင်း ထုတ်လုပ်ရေးစက်ရုံတစ်ရုံ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့ပြီးနောက် ဂျပန်နိုင်ငံရှိ ဟွန်ဒါကားထုတ်လုပ်ရေးစက်ရုံသုံးရုံ၏ ထုတ်လုပ်မှုကို ယာယီရပ်ဆိုင်းမည်ဖြစ်ကြောင်း ဟွန်ဒါကားကုမ္ပဏီက ပြောသည်။

ဟွန်ဒါအုပ်စုဝင် ကားအစိတ်အပိုင်းထုတ်လုပ်ရေးကုမ္ပဏီ Astemo လည်ပတ်နေသည့် စက်ရုံတစ်ရုံမှာ ငလျင်ကြောင့် အကြီးအကျယ် ထိခိုက်ပျက်စီးခဲ့ကြောင်း ဟွန်ဒါကုမ္ပဏီက ဩဂုတ် ၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် ကားအစိတ်အပိုင်းများ ဝယ်ယူရရှိရေးလုပ်ငန်းစဉ်အပေါ် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ကြောင်းလည်း ဖော်ပြထားသည်။ Astemo ကုမ္ပဏီက ဩဂုတ် ၇ ရက်တွင် စက်ရုံကို ပြန်လည်လည်ပတ်မည်ဟု ပြောကြားထားသော်လည်း လုပ်ငန်းများကို အပြည့်အဝ ပြန်လည်လည်ပတ်နိုင်ခြင်း ရှိ မရှိ မသိရသေးပေ။

ဟွန်ဒါကုမ္ပဏီက ဆိုင်တမာခရိုင်ရှိ ကားတပ်ဆင်ရေးစက်ရုံတစ်ရုံနှင့် မီအဲခရိုင်ရှိ စက်ရုံနှစ်ရုံတို့၏ ထုတ်လုပ်ရေးလုပ်ငန်းများကို ဩဂုတ် ၁၉ ရက်မတိုင်မီအထိ ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ တိုယိုတာ၊ နစ်ဆန်းနှင့် အခြားကားထုတ်လုပ်ရေးကုမ္ပဏီများကလည်း ဖူကူအိုကာခရိုင်ရှိ ၎င်းတို့၏စက်ရုံများတွင် လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




**အင်န်အိတ်ချ်ကေ**

# နိုင်ဂျီးရီးယား၌ ပြန်ပေးဆွဲခံရသူ ၃၀၈ ဦးကို ကယ်တင်နိုင်ခဲ့

**အဘူဂျာ ဩဂုတ် ၆**

နိုင်ဂျီးရီးယားနိုင်ငံ အလယ်ပိုင်းတွင် အကြမ်းဖက်သမားများ၏ ပြန်ပေးဆွဲခြင်းကို လအတန်ကြာခံခဲ့ရသူ ၃၀၈ ဦးကို ထောက်လှမ်းရေးသတင်း အချက်အလက်များအပေါ် အခြေခံ၍ ဆောင်ရွက်ခဲ့သည့် စစ်ဆင်ရေးအတွင်း ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်း နိုင်ဂျီးရီးယားသမ္မတ ဘိုလာတီနူဘူက ဩဂုတ် ၅ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

ယခုစစ်ဆင်ရေးအတွင်း ကယ်တင်ခံရသူများမှာ ဖေဖော်ဝါရီ ၃ ရက်မှ ၄ ရက်အတွင်း ခဝါရာပြည်နယ်နှင့် နိုင်ဂျာပြည်နယ်တို့ကြား၌ ပြန်ပေးဆွဲခံခဲ့ရသူများဖြစ်သည်။ ကယ်တင်ခံရသူများအနက် ၁၆၃ ဦးမှာ ခဝါရာပြည်နယ်မှဖြစ်ပြီး ကျန် ၁၄၅ ဦးမှာ အိမ်နီးချင်း နိုင်ဂျာပြည်နယ်မှ ဖြစ်ကြသည်။

လွန်ခဲ့သည့်လအတွင်းကလည်း အိုယိုပြည်နယ်ရှိ သစ်တောတစ်ခုအတွင်း ၅၆ ရက်ကြာ ပြန်ပေးဆွဲခံခဲ့ရသည့် ဆရာနှင့် ကျောင်းသား ၄၄ ဦးကို စစ်ဆင်ရေးအတွင်း ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဗီယက်နမ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အမေရိကန်ဒေါ်လာ ၅၉၀၀၀၀ နီးပါး ပျက်စီးဆုံးရှုံး

**ဟနွိုင်း ဩဂုတ် ၆**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း တူယင်ကွမ်းပြည်နယ်၌ အချိန်အတော်ကြာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူတစ်ဦး သေဆုံးခဲ့ပြီး ဗီယက်နမ်ဒေါင် ၁၅ ဘီလီယံခန့် (အမေရိကန်ဒေါ်လာ ၅၈၉၈၀၀ ခန့်) ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဩဂုတ် ၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။

သေဆုံးသူမှာ ကွင်းပြင်၌ အလုပ်လုပ်နေစဉ် မိုးကြိုးပစ်ခံရခြင်းကြောင့် ဖြစ်ကြောင်း ပြည်နယ်စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနက ထုတ်ပြန်ထားသည်။

ထို့ပြင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေအိမ် ၈၆ လုံး ပျက်စီးခဲ့ပြီး စိုက်ပျိုးမြေနှင့် ငါးမွေးမြူရေးကန် ဟက်တာဒါဇင်နှင့်ချီ ရေကြီးနစ်မြုပ်ခဲ့ကြောင်း၊ ဒေသတွင်း လမ်းတစ်လျှောက် နေရာ ၄၂ ခု၌ မြေပြိုမှုများ ဖြစ်ပွားသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**



# ပါကစ္စတန်ရောက် အာဖဂန်ရွှေ့ပြောင်းနေထိုင်သူ ၃၂၅ ဦး နေရပ်ပြန်လာ

**ကဘူးလ် ဩဂုတ် ၆**

ပါကစ္စတန်နိုင်ငံရှိ ထိန်းသိမ်းရေးစင်တာများနှင့် အကျဉ်းထောင်များမှ အာဖဂန်ရွှေ့ပြောင်းနေထိုင်သူ စုစုပေါင်း ၃၂၅ ဦးကို လွှတ်ပေးပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဝန်ကြီးဌာန၏ ပြောကြားချက်ကိုကိုးကား၍ ပြည်တွင်းမီဒီယာ တိုလိုနယူးစ်က ဩဂုတ် ၆ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါ နေရပ်ပြန်လာသူများမှာ တော့ခမ်းနှင့် စပင်ဘော့ဒက်ခ် နယ်စပ်ဖြတ်ကျော်နေရာများမှတစ်ဆင့် အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

၎င်းတို့တွင် မတူညီသည့် အချိန်ကာလများ၌ အကြောင်းပြချက်အမျိုးမျိုးကြောင့် ပါကစ္စတန်နိုင်ငံအတွင်း ထိန်းသိမ်းခံခဲ့ရသည့် မိသားစုများ၊ ကလေးများနှင့် တစ်ကိုယ်တည်းနေသူများ ပါဝင်ကြောင်းလည်း ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

# ဖိလစ်ပိုင်ကမ်းလွန်၌ ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိ ငလျင်လှုပ်ခတ်

**မနီလာ ဩဂုတ် ၆**

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း ဒါဗာအို အိုစီဒန်တယ် ပြည်နယ်ကမ်းလွန်၌ ဩဂုတ် ၆ ရက် နံနက်ပိုင်းက ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း ဖိလစ်ပိုင် မီးတောင်နှင့် ငလျင်ဗေဒအင်စတီကျုက ပြောကြားသည်။

အဆိုပါ ငလျင်သည် ဒေသစံတော်ချိန် နံနက် ၅ နာရီ ၄၁ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ငလျင်ဗဟိုချက်မှာ ဘာလွတ်ကျွန်း ကမ်းရိုးတန်း၏ အနောက်တောင်ဘက် ၈၉ ကီလိုမီတာအကွာ၊ မြေအောက်အနက် ၁၀ ကီလိုမီတာတွင် တည်ရှိကြောင်း အဆိုပါအင်စတီကျုက ပြောကြားသည်။

အရှေ့တောင်အာရှ ကျွန်းစုနိုင်ငံတစ်ခုဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံသည် ပစိဖိတ်မီးတောင်ရပ်ဝန်းတွင်တည်ရှိသဖြင့် ငလျင်လှုပ်ခတ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်းနှင့် ဆူနာမီလှိုင်းများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ချဒ်နိုင်ငံ၌ ကာလဝမ်းရောဂါကြောင့် ရှစ်ဦး သေဆုံး

**အန်ဂျာမီနာ ဩဂုတ် ၆**

ချဒ်နိုင်ငံမြို့တော် အန်ဂျာမီနာတွင် ကာလဝမ်းရောဂါ ဖြစ်ပွားမှုကြောင့် လူရှစ်ဦး သေဆုံးခဲ့ကြောင်း အရာရှိများက ဩဂုတ် ၅ ရက်တွင် အတည်ပြုခဲ့သည်။

အစိုးရကိုယ်စားလှယ် အမီနာကိုဂျီယာနာ ဦးဆောင်သည့် အရေးပေါ်အစည်းအဝေး၌ ထုတ်ပြန်သည့်အချက်အလက်များအရ အန်ဂျာမီနာမြို့တွင် ဩဂုတ် ၄ ရက်က ကာလဝမ်းရောဂါဖြစ်ပွားသူ ၇၅ ဦး ရှိကြောင်း သိရသည်။ ၎င်းတို့အနက် ရှစ်ဦး သေဆုံးခဲ့ပြီး အခြား ရှစ်ဦးမှာ ဆေးရုံ၌ ကုသမှုခံယူနေဆဲဖြစ်ကာ ၅၉ ဦးမှာ ပြန်လည်ကျန်းမာလာပြီဖြစ်ကြောင်း သိရသည်။

မြို့တော်အတွင်း ရပ်ကွက်ကိုးခု၌ ကာလဝမ်းရောဂါ ဖြစ်ပွားနေကြောင်း အာဏာပိုင်များက ပြောသည်။ လူထုအသိပညာပေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်ရန်နှင့် အခြေခံကာကွယ်ရေးအလေ့အကျင့်များကို လိုက်နာကြရန် လူမှုအသိုက်အဝန်းခေါင်းဆောင်များအား ကိုဂျီယာနာက တိုက်တွန်းခဲ့သည်။ **ဆင်ဟွာ**

# စပိန်ပိုင် ဆယ်ယူတာသို့ နယ်စပ်ဖြတ်ကျော် ဝင်ရောက်ရန်ကြိုးပမ်းစဉ် လူ ၁၀၀ ခန့် သေဆုံး

**ဘရက်ဆဲလ် ဩဂုတ် ၆**

လွန်ခဲ့သည့် သီတင်းပတ်အတွင်း စပိန်နိုင်ငံပိုင် မြောက်အာဖရိက ဒေသဖြစ်သည့် ဆယ်ယူတာသို့ နယ်စပ်ဖြတ်ကျော် ဝင်ရောက်ရန် လူအများအပြားကြိုးပမ်းစဉ် လူ ၁၀၀ ခန့် သေဆုံးခဲ့ကြောင်း ဆယ်ယူတာ ဒေသအုပ်ချုပ်ရေး အာဏာပိုင် ဂျူအန်ဗီးဆက်စ် ဗီးဗက်က ဩဂုတ် ၆ ရက်တွင် ကျင်းပသည့် ဥရောပပါလီမန် အရေးပေါ်အစည်းအဝေး၌ ပြောကြားခဲ့သည်။

ဗီးဗက်က လူပေါင်း ၈၀၀၀၀ ခန့်သည် ဆယ်ယူတာသို့ ဝင်ရောက်ခဲ့ပြီး ၎င်းတို့အနက် ၇၅၀၀၀ နီးပါးမှာ နောက်ပိုင်းတွင် မိမိတို့၏ ဆန္ဒအလျောက် ပြန်လည် ထွက်ခွာသွားခဲ့ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ဆယ်ယူတာဒေသတွင် ရွှေ့ပြောင်းဝင်ရောက်လာသူ ၃၀၀၀ မှ ၅၀၀၀ ခန့်အထိ ဆက်လက် ကျန်ရှိနေကြောင်း ဗီးဗက်ကပြောကြားခဲ့သည်။ ယင်းအခြေအနေကြောင့် လက်ခံစောင့်ရှောက်ရေးစင်တာများသည် လက်ခံနိုင်သည့် စွမ်းရည်ထက် ကျော်လွန်သွားခဲ့ပြီး ပြင်းထန်သော လူသားချင်းစာနာထောက်ထားရေး အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပေါ်လာကြောင်း ၎င်းက ပြောကြားကာ ဥရောပသမဂ္ဂ အေဂျင်စီများထံမှ ပိုမိုကူညီထောက်ပံ့ပေးရန် တောင်းဆိုခဲ့သည်။

ဆယ်ယူတာသည် စပိန်နိုင်ငံပိုင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရမြို့တစ်မြို့ဖြစ်ပြီး မြောက်အာဖရိကတိုက်တွင်တည်ရှိသည်။ ဆယ်ယူတာသည် ဥရောပသမဂ္ဂ၏ နယ်မြေဖြစ်သည့်အတွက် အာဖရိကမှ ဥရောပသို့ ရွှေ့ပြောင်းနေထိုင်လိုသူများအတွက် အရေးကြီးသည့် ဝင်ပေါက်တစ်ခုဖြစ်သည်။ **ဆင်ဟွာ**



# တိုင်ဖွန်းဒေါ်လ်ဖင် မီနာမီဒိုင်တိုကျွန်းအနီး ရွှေ့လျား၊ ဂျပန်တောင်ပိုင်းတွင် မိုးလေပြင်းထန်နိုင်

**တိုကျို ဩဂုတ် ၆**

ဂျပန်မိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ တိုင်ဖွန်းဒေါ်လ်ဖင်သည် ဩဂုတ် ၆ ရက် မွန်းလွဲ ၂ နာရီတွင် မီနာမီဒိုင်တိုကျွန်း၏ အရှေ့-အရှေ့မြောက်ဘက် ၁၈၀ ကီလိုမီတာအကွာ၌ တည်ရှိနေပြီး တစ်နာရီလျှင် ၁၅ ကီလိုမီတာနှုန်းဖြင့် အနောက်ဘက်သို့ ရွှေ့လျားနေကြောင်း သိရသည်။

အဆိုပါတိုင်ဖွန်းမုန်တိုင်း၏ ဗဟိုလေဖိအားမှာ ၉၅၀ ဟက်တိုပါစကယ်ရှိပြီး မုန်တိုင်းဗဟိုအနီးတွင် လေတိုက်နှုန်း တစ်နာရီလျှင် ၁၄၅ ကီလိုမီတာခန့်ရှိကာ ရုတ်တရက်တိုက်ခတ်သော လေပြင်းမှာ တစ်နာရီလျှင် ၂၁၅ ကီလိုမီတာခန့်အထိ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

အင်အားပြင်း တိုင်ဖွန်းမုန်တိုင်းသည် ဂျပန်နိုင်ငံတောင်ပိုင်းရှိ အိုကီနာဝါနှင့် အမာမိကျွန်းစုဒေသများသို့ ချဉ်းကပ်လာနိုင်သဖြင့် ဒေသခံများအနေဖြင့် လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုများအတွက် အထူးသတိပြုနေထိုင်ရန် အာဏာပိုင်များက တိုက်တွန်းထားသည်။

ထို့ပြင် ဩဂုတ် ၇ ရက်တွင် အိုကီနာဝါ၊ အမာမီနှင့် ကျူရှူတောင်ပိုင်းဒေသများ၌ မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း ဂျပန်မိုးလေဝသဌာနက သတိပေးထားသည်။

**အင်န်အိတ်ချ်ကေ**

# ချင်းပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဒေသဆိုင်ရာလုပ်ငန်းကော်မတီကို ဖွဲ့စည်းထားရှိပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ



ဟားခါး ဩဂုတ် ၆

ချင်းပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဒေသဆိုင်ရာလုပ်ငန်းကော်မတီကို ဖွဲ့စည်းထားရှိပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ကာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါကော်မတီမှ သိရသည်။

အဆိုပါကော်မတီ၏ (၁/၂၀၂၆) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြီး ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ စစ်ဗျူဟာမှူးနှင့် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ပြည်နယ်လုပ်ငန်းဆပ်ကော်မတီ ခုနစ်ခု ဖွဲ့စည်းမှု၊ လုပ်ငန်းဆပ်ကော်မတီအလိုက် ၁၉၈၉-၁၉၉၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❈ *ကျောဖုံးမှ*

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို ၂၆ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို ၁၀ ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ သာသနာရေး ဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာန အသင်းကို ခုနစ်ဂိုး - တစ်ဂိုးဖြင့် လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းက ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အသင်းကို ၂၆ ဂိုး- ဂိုးမရှိဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းကို ခြောက်ဂိုး - နှစ်ဂိုးဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၇ ရက်တွင် ဖုဆယ်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်း၊ အမျိုးသားစီမံကိန်းရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း၊ အားကစားဝါသနာရှင်များ မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်





❂ *ကျောဖုံးမှ*

ဂျော့ရှုပါဗန်က ပထမအချီ စက္ကန့်ပိုင်းအတွင်း၌ပင် အလဲထိုးဖြင့်အနိုင်ယူကာ ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်ကို စတင်ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲကြီးတွင် တွဲဆိုင်း ၁၃ ဆိုင်းပါဝင်ထိုးသတ်မည်ဖြစ်ရာ လိုက်ဝိတ်တန်းတွင် အာမေးနီးယားဖိုက်တာ အာမန်ဆာရုကယန်နှင့် ဘရာဇီးလ်ဖိုက်တာ မော်ရီစီယိုရှမ်၊ အမေရိကန်မှ ဘရိုင်ယန်အော်တီဂါနှင့် ဘရာဇီးလ်မှ ရီနာတို မွိုင်ကာနိုတို့ ထိုးသတ်မည်ဖြစ်သည်။

ဖယ်သာဝိတ်တန်းတွင် ဘရာဇီးလ် ဝါရင်ဖိုက်တာ ပက်ထရီစီယိုပစ်ဘားလ်နှင့် တောင်ကိုရီးယား ဖိုက်တာ ဒူဟိုချိုင်း၊ ဂျော်ဂျီယာ ဖိုက်တာ ဂီဂါချီကာဒီနှင့် ဘရာဇီးလ်ဖိုက်တာ ဂျီအန်ဒါဆန် ဘာရီတို၊ အမေရိကန်ဖိုက်တာ မိုက်ကယ် အက်စ်ဝဲလ်နှင့် တောင်ကိုရီးယားဖိုက်တာဂျူးဆန်းယူ၊ မစ်ဒယ်ဝိတ်တန်းတွင် အမေရိကန်မှ အက်ဒမန်ရှာဘတ်ဇယန်နှင့် ဘရာဇီးလ်မှ ဘရူနို ဖာရီရာ၊ ဘရာဇီးလ်ဖိုက်တာ ရိုင်ယန်ဂန်ဒရာနှင့် အမေရိကန်ဖိုက်တာ အိုဇီဒိုင်ယက်ဇ်တို့ ယှဉ်ပြိုင် ထိုးသတ်မည်ဖြစ်သည်။

လိုက်ဟဲဗီးဝိတ်တန်းတွင် အမေရိကန်မှ အလုန်နီ မင်နီဖီးလ်နှင့် ပိုလန်မှ အီဂို ဘာရန်နီယက်စကီး၊ ဟဲဗီးဝိတ်တန်းတွင် အမေရိကန်နိုင်ငံသားများဖြစ်ကြသည့် ဂေဘယ် စတီးဗက်ဆန်နှင့် ဆင်းရှာရက်ဖ်၊ ပြစ်တေးလျမှ တိုင်တူအီဗာဆာနှင့် ကျူးဘားမှ ရိုဘဲလစ် ဒက်စပါး၊ ဘန်တမ်ဝိတ်တန်းတွင် အီကွေဒေါမှ မာလွန်ဗီရာနှင့် ကနေဒါမှချားလ်စ်ဂျော်ဒန်တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

အမျိုးသမီး ဖလိုင်းဝိတ်တန်းတွင် ပြစ်တေးလျ ဖိုက်တာ ကေစီအိုနီးလ်နှင့် ဘရာဇီးလ် ဖိုက်တာ အက်ဒ့်အာဒါ မူရာတို့ ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

နေမျိုး

ဓာတ်ပုံ-UFC

❍ *ကျောဖုံးမှ*

အမျိုးသား လေးယောက်တွဲ ပြိုင်ပွဲ၌ မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း ယှဉ်ပြိုင်ကစားခဲ့ပြီး ပထမပွဲတွင် မြန်မာ ၁၅ မှတ် ဖိလစ်ပိုင် ၁၂ မှတ်၊ ဒုတိယပွဲတွင် မြန်မာ ၈ မှတ်၊ ဖိလစ်ပိုင် ၁၅ မှတ်နှင့် တတိယပွဲတွင် မြန်မာ ၈ မှတ်၊ ဖိလစ်ပိုင် ၁၇ မှတ်ရရှိကာ ဖိလစ်ပိုင်အသင်းက နှစ်ပွဲနိုင်ဖြင့် အနိုင်ရရှိခဲ့သည်။

**လေးယောက်တွဲယှဉ်ပြိုင်**

ဆီမီးဖိုင်နယ် ပွဲစဉ်အဖြစ် အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းနှင့် တောင်ကိုရီးယား အသင်းတို့ ယှဉ်ပြိုင်ကစားရာ ပထမပွဲတွင် မြန်မာ ၁၆ မှတ် တောင်ကိုရီးယား ၁၇ မှတ်၊ ဒုတိယပွဲတွင် မြန်မာ ၁၅ မှတ် တောင်ကိုရီးယား ၆ မှတ်၊ တတိယပွဲတွင် မြန်မာ ၁၆ မှတ် တောင်ကိုရီးယား ၁၇ မှတ်ရရှိကာ တောင်ကိုရီးယားအသင်းက နှစ်ပွဲနိုင်ဖြင့် အနိုင်ရရှိခဲ့သည်။

**ယှဉ်ပြိုင်ကစားမည်**

ဩဂုတ် ၇ ရက်(ယနေ့)တွင် အမျိုးသားအသင်းလိုက် ပြိုင်ပွဲအဖြစ် မြန်မာအသင်းနှင့် တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

နေမျိုး

ဓာတ်ပုံ-MSF

❖ *ကျောဖုံးမှ*

ရှမ်း၊ စစ်ကိုင်း၊ ချင်း၊ ကချင်၊ ကယား၊ မန္တလေး၊ ရန်ကုန်နှင့် မွန်အသင်းတို့ အသီးသီးအနိုင်ရရှိခဲ့သည်။

အမျိုးသားပွဲစဉ်အဖြစ် အုပ်စု(ခ)မှ ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၁၁၅ မှတ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၅၈ မှတ်ဖြင့် လည်းကောင်း၊ အုပ်စု(ဂ)မှ ချင်းပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ၄၈ မှတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက နေပြည်တော်အသင်းကို ၄၇ မှတ်ဖြင့်လည်းကောင်း၊ အုပ်စု(ဃ)မှ ကယားပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို အမှတ် ၇၀ ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

အမျိုးသမီးပွဲစဉ်တွင် အုပ်စု(က)မှ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၄၆ မှတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၅၃ မှတ်ဖြင့် လည်းကောင်း၊ အုပ်စု(ခ)မှ ကချင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ၃၈ မှတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်း ဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို ၆၂ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

နေမျိုး၊ ဓာတ်ပုံ-ကိုမင်း

❒ *ကျောဖုံးမှ*

ရရှိခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် (MESF) မှ သိရသည်။

အဆိုပါ Esports Nations Cup 2026 ပြိုင်ပွဲကြီးကို လာမည့် နိုဝင်ဘာ ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှ နိုင်ငံပေါင်း ၃၂ နိုင်ငံပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ စုစုပေါင်းဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း (၁,၅၀၀,၀၀၀ USD) သတ်မှတ်ထားသဖြင့် ကမ္ဘာ့အဆင့်ထိပ်တန်း Mobile Esports ပြိုင်ပွဲကြီးများအနက်တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံသည် ENC MLBB Ranking System တွင် ရမှတ် (၇၆၀၀) မှတ်ဖြင့် ကမ္ဘာ့အဆင့် (၃) နေရာ၌ ခိုင်မာစွာ ရပ်တည်နိုင်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ Esports Nations Cup 2026 သို့ တိုက်ရိုက် ဖိတ်ကြားခံခဲ့ရခြင်းဖြစ်သည်။

နေမျိုး၊ ဓာတ်ပုံ-MESF

## ကမ္ဘာ့အဆင့် (၂) တင်းနစ်မယ် ရီဘာကီနာ National Bank Open တင်းနစ်ပြိုင်ပွဲ ၃၂ ဦးအဆင့် တက်ရောက်

လက်ရှိကမ္ဘာ့အဆင့် (၂) နာမည်ကြီး ကာဇက်စတန်တင်းနစ်မယ် အယ်လီနာရီဘာကီနာ သည် National Bank Open တင်းနစ်ပြိုင်ပွဲ ၆၄ ဦးအဆင့်တွင် ဩစတြေးလျတင်းနစ်မယ် ဒါရီယာ ကာဆက်ကီနာကို အကြိတ်အနယ် ယှဉ်ပြိုင်ပြီး ၆-၃၊ ၅-၇၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၃၂ ဦးအဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။

ရီဘာကီနာသည် ယခုပြိုင်ပွဲ မတိုင်မီ နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် ဝင်ဘယ်ဒန် အိုးပင်းပြိုင်ပွဲတွင် တတိယအဆင့်အထိသာ တက်လှမ်းနိုင်ခဲ့သည်။ အဆိုပါပြိုင်ပွဲသည် WTA 1000 အဆင့်ရှိ ပြိုင်ပွဲအမျိုးအစားဖြစ်ပြီး ပဲဂူလာ၊ ဖာနန်ဒက်ဇ်၊ အန်ဒရေဗာ၊ အိုဆာကာ၊ အယ်လာ၊ ယိုဗစ်ချ်၊ ဘင်းဆစ်၊ ကိုကိုဂေါ်ဖ်၊ ဆာဘာယယ်လင်ကာ စသည့် ထိပ်တန်း တင်းနစ်မယ်များ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ရီဘာကီနာသည် ၃၂ ဦးအဆင့်တွင် အမေရိကန်တင်းနစ်မယ် အန်းလီဆီနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အန်းလီသည် ၆၄ ဦးအဆင့်တွင် ကနေဒါတင်းနစ်မယ် ကေလာခရေ့စ်နှင့် တွေ့ဆုံခဲ့ပြီး ၇-၆ (၇-၃)၊ ၇-၅ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၃၂ ဦးအဆင့် တက်လှမ်းလာသူဖြစ်သည်။

အောင်ဇော်



တင်းနစ်မယ် ရီဘာကီနာ၏ ယှဉ်ပြိုင်ကစားဟန်။

## အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# တီးတိန်မြို့အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့ရသည့် ဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိ

**တီးတိန် ဩဂုတ် ၆**

တီးတိန်မြို့အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ရသည့် သမဝါယမဦးစီးဌာနပိုင် နှစ်ခန်းတွဲ RC တစ်ထပ် ဝန်ထမ်းအိမ်ရာကို အမျိုးသား သဘာဝဘေးစီမံခန့်ခွဲရေးကော်မတီ၏ ရန်ပုံငွေအထောက်အပံ့ဖြင့် ပြန်လည်ပြုပြင် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ပြုပြင်တည်ဆောက်နေမှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့ပြီး တည်ဆောက်ရေး စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိစေရေး မှာကြားသည်။

ထို့ပြင် စကောလမ်းရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများအား စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ပြီး တည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တီးတိန်မြို့ရှိ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများသည် တည်ငြိမ်အေးချမ်းရေးကို ဘုံရည်မှန်းချက်အဖြစ်ထားရှိ၍ အတူတကွ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြား၍ တီးတိန်မြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ရှောင်စောန်းစံပြကျေးရွာသို့ သွားရောက်၍ တာဝန်ရှိသူများအား ကျေးရွာအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ **သတင်းစဉ်**





# ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ ရုံးချုပ်၏ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Ugochi DANIELS ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration – IOM) ရုံးချုပ်၏ Operations ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Ugochi DANIELS ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် IOM တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ လူကုန်ကူးခံရသူများနှင့် ထိခိုက်လွယ်သော ရွှေ့ပြောင်းလုပ်သားများအား ကူညီထောက်ပံ့ရေးဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်တုံ့ပြန်မှုနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများ၌ IOM ဘက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် ကဏ္ဍများနှင့် ဝန်ကြီးဌာနအနေဖြင့် လတ်တလောဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ကူညီရေးလုပ်ငန်းများ စသည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရောဝတီ မြစ်ဆုံ-မြစ်ညာ မြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းအတွက် ဒေသခံများနှင့် ဆွေးနွေး

**မြစ်ကြီးနား ဩဂုတ် ၆**

ရောဝတီမြစ်ဆုံ-မြစ်ညာ မြစ်ဝှမ်းရေအားလျှပ်စစ် စီမံကိန်းနှင့်စပ်လျဉ်း၍ ဒေသတွင်းရှိ ပြည်သူများ နည်းပညာဆိုင်ရာ သိသင့်သိထိုက်သည်များနှင့် အသိပညာဗဟုသုတ ပိုမိုသိရှိနားလည်စေရေး ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရောဝတီ မြစ်ဆုံ – မြစ်ညာ မြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ် ဒေသခံကော်မတီတို့က မြစ်ဆုံ ရေအားလျှပ်စစ် စီမံကိန်းနှင့်စပ်လျဉ်း၍ မြစ်ကြီးနားမြို့ပေါ် ရပ်ကွက်နေပြည်သူများနှင့် မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးပွဲများကို ဩဂုတ် ၆ ရက်က မြစ်ကြီးနားမြို့ ရှမ်းစုရပ်ကွက်နှင့် စီတာပူရပ်ကွက်တို့၌ ပြုလုပ်ရာ ဆွေးနွေးပွဲတွင် ပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာအောင်ဝင်းက မြစ်ဆုံနေရာကို ရွေးချယ်ရခြင်း၏ အင်ဂျင်နီယာဆိုင်ရာ အားသာချက်များကို သုံးသပ်ဆွေးနွေးပြောကြားခဲ့သည်။

တက်ရောက်လာသူများက မြစ်ဆုံစီမံကိန်းနှင့် ပတ်သက်၍ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု၊ မြစ်ဆုံဆည်ပြီးစီးပါက လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာနိုင်သည့် အခြေအနေများနှင့် ဒေသခံပြည်သူများ၏ အကျိုးအမြတ်ခံစားခွင့်များကို အပြန်အလှန် ဆွေးနွေးပေးခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**



# မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ (၇-၈-၂၀၂၆)ရက်၊ သောကြာနေ့ညတွင် အများပြည်သူ အပန်းပြေ/ စိတ်ချမ်းမြေ့စေရန်အတွက် စတီရီယိုခေတ်ပေါ်တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပအဆိုရှင်များ စုပေါင်း၍ **"ချစ်သူဆွဲအား"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေး အကြောင်းကြားပါသည်-

**(၇-၈-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "ချစ်သူဆွဲအား" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | သူစိမ်း | ပြင်ပအဆိုရှင် |
| ၂။ | မရဲ့အပြုံး | ပြင်ပအဆိုရှင် |
| ၃။ | ဆုံတွေ့ခွင့်နိဂုံး | ပြင်ပအဆိုရှင် |
| ၄။ | ကျေးဇူးပဲမနက်ဖြန် | ပြင်ပအဆိုရှင် |
| ၅။ | မယုံရဲဘူးကွယ် | ပြင်ပအဆိုရှင် |
| ၆။ | ကိုကိုစိတ်ကူးယဉ် | ပြင်ပအဆိုရှင် |
| ၇။ | ချစ်သူဆွဲအား | ပြင်ပအဆိုရှင် |
| ၈။ | မကြင်နာသူသို့ | ပြင်ပအဆိုရှင် |
| ၉။ | ဘယ်မှာလဲကွယ် | ပြင်ပအဆိုရှင် |
| ၁၀။ | မနေ့ကဒီနေ့ပြီးတော့မနက်ဖြန် | ပြင်ပအဆိုရှင် |

# လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟသ်ာတမြို့နယ်၊ ရေကြည်မြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့ရှိ ကျေးရွာများ၌ ရေဝင်ရောက်မှုဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ၂၀၂၆ ခုနှစ် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုသည် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ခြင်းကို ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၇၂ ရွာ၊ ဟသ်ာတမြို့နယ် ၂၆ ရွာ၊ ရေကြည်မြို့နယ် ခြောက်ရွာနှင့် ကျုံပျော်မြို့နယ် နှစ်ရွာ စုစုပေါင်း ၁၀၆ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

ထိုသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သဖြင့် ရေဘေးကယ်ဆယ်ရေးစခန်းများကို လေးမျက်နှာမြို့နယ်တွင် ၁၃ ခု၊ ဟသ်ာတမြို့နယ်တွင် သုံးခု၊ ရေကြည်မြို့နယ်တွင် ငါးခုနှင့် ကျုံပျော်မြို့တွင် တစ်ခု ဖွင့်လှစ်ကာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများစုပေါင်း၍ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းခြင်းများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြစ်ရေတိုက်စားပြိုကျမှုမှ ကာကွယ်ရန် တာခြေထောက်ခြင်းအဖြစ် ကမ်းထိန်းအိတ်များချခြင်း၊ ရေရှိန်တားပြုလုပ်ခြင်း၊ ရေကာတာ တာပေါင်မြေဖို့ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ရွှေတောင်မြို့နယ်၌ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြသ

**ရွှေတောင် ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ဒုရင်ဒုဘိုကျေးရွာအုပ်စု ယောဒေါင့်ကျေးရွာတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း)မှ တာဝန်ယူထိန်းသိမ်းလျက်ရှိသည့် ထန်းလုံးချောင်းတာတွင် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြသပွဲကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်က အမှာစကားပြောကြားပြီး ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနေမျိုးအောင်နှင့်အဖွဲ့ဝင်များက ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ကျေးရွာအုပ်ချုပ်ရေးမှူးများထံ အရေးပေါ်အဆင့်အလိုက် စိုက်ထူရမည့်အလံ(အစိမ်း၊ အဝါ၊



အနီ)အလံတို့ကို ပေးအပ်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

## မြို့သစ်မြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

**မြို့သစ် ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ်အဖြစ် မိခင်နှင့်ကလေးငယ်များ၏ ကျန်းမာရေးကိုမြှင့်တင်ပေးရန်နှင့် ကူညီပံ့ပိုးမှုများပြုလုပ်ရန် ရည်ရွယ်၍ ကိုယ်ဝန်ဆောင် မိခင်များနှင့် အသက်နှစ်လမှ တစ်နှစ်ခွဲအထိ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်းနှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုကို ယမန်နေ့နံနက်



ပိုင်းက ဘုရားကြီးရပ်ကွက်ရှိ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ငါးရပ်ကွက်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့်ကလေးမိခင်များအား မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးပြောကြားပြီး ကိုယ်ဝန်ဆောင်မိခင်များအား ကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်ခြင်း၊ မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်း၊ သံဓာတ်အားဆေးများ တိုက်ကျွေးခြင်း၊ အသက်နှစ်လမှ တစ်နှစ်ခွဲအထိ ကလေးငယ်များအား အသက်အရွယ် အပိုင်းအခြားအလိုက် ကာကွယ်ဆေးများထိုးနှံ တိုက်ကျွေးပေးရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကြည့်ရှုအားပေးကာ အာဟာရဖြည့်စွက်စာများ ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သဃ်န်းကျွန်းမြို့နယ်၌ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး

**ရန်ကုန် ဩဂုတ် ၆**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် (က)ရပ်ကွက်ရှိ အခြေခံ



ပညာအထက်တန်းကျောင်း(ခွဲ) အလက(၅)တွင် မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက ဆောင်ရန် ရှောင်ရန်အချက်များကို အသိပညာပေးဆွေးနွေးပြီး ဒုတိယမီးသတ်ဦးစီးမှူး ဦးဝေဖြိုးခိုင်က မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများအကြောင်း ရှင်းလင်းပြသခြင်း၊ Life jacket ဝတ်ဆင်အသုံးပြုနည်းနှင့် မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြသခြင်းများကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဩဂုတ် ၆**

**၈-၈-၂၀၂၆ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၈)၊ အမှတ် (၃၂) တွင်** သူတစ်ပါးအပေါ် မနာလိုစိတ်ဝင်သည့်အပြင် ကိုယ့်ကိုယ်ကိုယ် မာန်တက်မိသွားသော မီးလုံးလေးသည် နောက်ဆုံးတွင် အမှိုက်ခြင်းတောင်းထဲ ရောက်သွားသည့် အကြောင်းကိုသရုပ်ဖော်ထားသည့် "မာန်တက်မိတဲ့ မီးလုံးလေး" မျက်နှာဖုံးကာတွန်း၊ ကလေးတို့ အယ်ထရာဆောင်း စတင်တီထွင်ပုံနှင့် အသုံးပြုပုံအကြောင်းကို ဗဟုသုတရရှိစေရန် ရေးသားထားသည့် "အယ်ထရာဆောင်းနည်းပညာ" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ ပေးပို့သော ပန်းချီလက်ရာများကို ဖော်ပြပေးထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ ကျောင်းဆရာဦးအောင်ကြီးကြောင့် သရဲဘဝမှ ဝက်ဖြစ်သွားရသည့်အကြောင်းကို သရုပ်ဖော်ထားသည့် "ဝက်ဖြစ်သွားတဲ့ သရဲ" နှစ်မျက်နှာကာတွန်း၊ မောင်ဆုထိုက်အောင်၏ အဖေနှင့်ဆရာတို့သည် "ဒုန်း... ဒုန်း" ဆိုသော အသံ၏အဖြေမှန်ကို သိရှိသွားသည့် အကြောင်း ရေးသားထားသည့် "တစ္ဆေဒုန်း... ဒုန်း အဖေပြုံး" ဝတ္ထုကဏ္ဍ၊ မိခင်ကို မကူညီချင်သည့် ဖိုးတစ်တိုကို ပညာပေးဆုံးမလိုက်သည့် သူ၏ မိခင်အကြောင်းကို သရုပ်ဖော်ထားသည့် "ဖိုးတစ်တို" တစ်မျက်နှာကာတွန်း၊ ရိုးသားပြီး သည်းခံစိတ်ရှိသည့် ကောင်မလေးကို ရိုးသားမှု၏ ဆုလာဘ်အဖြစ် ရွှေဒင်္ဂါးပြားများ ပေးအပ်လိုက်သည့် မြေပိုင်ရှင်ကြီးအကြောင်း ရေးသားထားသည့် "ရိုးသားမှု၏ ဆုလာဘ်" ဝတ္ထုကဏ္ဍ၊ လျှပ်စီးကြောင့် ဖြစ်ပေါ်လာသည့် ငလျင်အန္တရာယ်ကျရောက်လာပါက ကြိုတင်ပြင်ဆင်ရန်နှင့် အရေးပေါ်လိုက်နာဆောင်ရွက်ရမည့် အချက်များ ပါဝင်သည့် ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်ကဏ္ဍ၊ လူနာများကို စေတနာဖြင့် ဆေးကုပေးသည့် ဆရာဝန်ကြီးဖြစ်လိုသောဆန္ဒနှင့် စာကြိုးစားမည့်




ကလေးတစ်ဦးအကြောင်း ရေးဖွဲ့ထားသည့် "သားသားဆန္ဒ" ကဗျာကဏ္ဍ အပါအဝင် အင်္ဂလိပ်စာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။

**သတင်းစဉ်**

## သာစည်မြို့နယ်၌ မြစိမ်းရောင်မတည်ရန်ပုံငွေ လက်ဆင့်ကမ်းပေးအပ်

**သာစည် ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက မြစိမ်းရောင်(အသားကဏ္ဍ)ကျေးရွာစီမံကိန်း အရင်းမပျောက်မတည်ရန်ပုံငွေ ပထမအကြိမ် လက်ဆင့်ကမ်းပေးအပ်ပွဲကို ဩဂုတ် ၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာ ဇော်မြင့်နိုင်က မြစိမ်းရောင်(အသားကဏ္ဍ)ကျေးရွာစီမံကိန်း အရင်းမပျောက် မတည်ရန်ပုံငွေ ပထမအကြိမ် လက်ဆင့်ကမ်း ပေးအပ်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ရန်ပုံငွေကျပ်အရင်း သိန်း ၃၀၀ နှင့် အတိုးငွေကျပ် ၁၀၄ သိန်း စုစုပေါင်းငွေကျပ် ၄၀၄ သိန်းကို မြစိမ်းရောင် (အသားကဏ္ဍ)ကျေးရွာစီမံကိန်းဖြင့် နွားမွေးမြူရေးဆောင်ရွက်လျက်ရှိသော တမာကုန်းကျေးရွာ ကြီးကြပ်မှုကော်မတီထံ ပေးအပ်သည်။ **ထွန်းထွန်း(သာစည်)**



ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် သမ္မာဆန္ဒကျေးရွာအား ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲကို ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက ဒိုက်ဦးမြို့နယ် ရွာဝိုင်းကြီးကျေးရွာဘုန်းကြီးကျောင်း၌ ကျင်းပရာ ညောင်လေးပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးရဲဝင်းနှင့် တာဝန်ရှိသူများက သမ္မာဆန္ဒကျေးရွာရှိ လူဦးရေ ၇၅ ဦး၏ မြေငှားဂရန်များကို ပြည်သူများ၏ လက်ဝယ်အရောက် ပေးအပ်စဉ်။ စိုးထက်ကျော်(ပြန်/ဆက်)



## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၀၈ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၆

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တ ရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် ဩဂုတ် ၇ ရက်မှ ၁၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၂၀၈ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန် ကြေညာထားသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ သတင်းစဉ်

## မအူပင်မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**မအူပင် ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူး ဦးခင်မောင်ထွေးနှင့် အဖွဲ့သည် မအူပင်မြို့နယ် အောက်ထုံးကျေးရွာအုပ်စုရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ အောက်ထုံးသို့ ဩဂုတ် ၂ ရက်က ရောက်ရှိပြီး သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်နိုင်ရေးနှင့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ အခြေခံပညာအထက်တန်းကျောင်းခွဲ အောက်ထုံးကျောင်းမှကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီဝင်းက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် ဆောင်ရွက်ထားရှိမှုများ၊ အရေးပေါ်တုံ့ပြန်နိုင်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ပညာရေးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။



ထို့နောက် အောက်ထုံးကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကျောင်းကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ အစားထိုးမြေဝယ်ယူထားရှိသောနေရာတွင် ယာယီဆောင် ဆောက်လုပ်နိုင်ရေး၊ ပေ ၁၂၀ x ပေ ၃၀ RC တစ်ထပ် Print Level ရရှိအောင် လျှော့ထား ဆောင်ရွက်စေလိုကြောင်းနှင့် မြစ်ကမ်းနှင့် အနီးဆုံးကျောင်းဆောင်အား ဖျက်သိမ်းခွင့်ရရှိပါက စနစ်တကျဖျက်သိမ်း၍ ဆယ်တင်ပစ္စည်းဖြင့် ဝန်ထမ်းနေအိမ်များ ဆောက်လုပ်နိုင်ကြောင်း ဆွေးနွေးခဲ့သည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## ကမမောင်းမြို့၌ ကျောင်းကျန်းမာရေး အသိပညာပေးဟောပြော

**ကမမောင်း ဩဂုတ် ၆**

ကရင်ပြည်နယ် ကမမောင်းမြို့တွင် ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၄ ရက်က အခြေခံပညာအထက်တန်းကျောင်း (သံလွင်ခန်းမ)၌ ကျင်းပရာ ဖာပွန်မြို့နယ်ပညာရေးမှူး ဦးသိန်းဦးက အမှာစကားပြောကြားပြီး ဖာပွန်မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးမှူး ဒေါက်တာဆုရဲထက်က ကျန်းမာရေးဆိုင်ရာ ဆောင်ရန်ရှောင်ရန်များ၊ အာဟာရဆိုင်ရာ အသိပညာပေးခြင်း၊ မျက်စိကျန်းမာရေး ဆိုင်ရာ အသိပညာပေးခြင်း၊ ကျောင်းကျန်းမာရေး အစီအစဉ်များအား အသိပညာပေးပြောကြားသည်။



ထို့နောက် ကမမောင်းမြို့ ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမ ဒေါ်နန်းယုဝေက တစ်ကိုယ်ရေသန့်ရှင်းရေး၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး၊ မိုးရာသီကျန်းမာရေးနှင့် ကျောင်းမုန့်ဈေးတန်းဘေးကင်းလုံခြုံရေးအချက်များကို ပညာပေးဟောပြောပြီး ပိုလီယိုရောဂါနှင့် လတ်တလော ပျော့ခွေအကြောသေခြင်း ဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပြီး တတ်ရောက်လာကြသော ကျောင်းသား ကျောင်းသူများအား သံဓာတ်အားဖြည့်ဆေးများနှင့် သံချဆေးများကို စနစ်တကျ တိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေပြည်သာမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

**ရွှေပြည်သာ ဩဂုတ် ၆**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် မူးယစ်ဆေးဝါးများအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၅ ရက်က အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာနေဇော်အောင်က ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးအစ ဆေးလိပ်ကဖြစ်သည့်အတွက်



စမ်းသပ်မသုံးစွဲကြရန် အသိပညာပေးဟောပြောခဲ့သည်။

**နေမျိုးထွန်း(ပြန်/ဆက်)**

## ရေနံချောင်းမြို့၌ ဆေးလိပ်ဆေးရွက်ကြီးအန္တရာယ် အသိပညာပေးခြင်းနှင့် ကျောင်းတွင်းအာဟာရကျွေးမွေး

**ရေနံချောင်း ဩဂုတ် ၆**

ရေနံချောင်းမြို့နယ်တွင် ဆေးလိပ်ဆေးရွက်ကြီးအန္တရာယ် အသိပညာပေးခြင်းနှင့် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းများကို သက်ဆိုင်ရာအခြေခံပညာကျောင်းအသီးသီး၌ ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့က အထက-ခွဲ(ဝက်ချုပ်)ကျောင်း၌ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာကျော်ကျော်လင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား ဆေးလိပ်၊ ဆေးရွက်ကြီး၊ အရက်နှင့် မူးယစ်ဆေးဝါးများကို စမ်းသပ်သုံးစွဲခြင်းများမပြုလုပ်ရန်နှင့် မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးများကို အသိပညာပေးဟောပြောခြင်း၊ KG ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးနှင့် ညီညွတ်စွာ ချက်ပြုတ်ထားသည့် ထမင်း၊ ဟင်းနှင့် အာဟာရပြည့် အစားအစာများကို ကျွေးမွေးခဲ့ကြောင်း သိရသည်။

**ချိုမီအောင်(ပြန်/ဆက်)**



## ချောင်းဆုံမြို့နယ်၌ အုတ်စီရေမြောင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်

**ချောင်းဆုံ ဩဂုတ် ၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကုလားဘီကျေးရွာ၌ ကျေးလက်နေပြည်သူများ ရေစီးရေလာ



ကောင်းမွန်ရေးနှင့် မိုးရာသီရေကြီးရေလျှံမှု မရှိစေရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာအတွင်း အုတ်စီရေမြောင်းတူးဖော်ခြင်းလုပ်ငန်းကို ဩဂုတ်လ ပထမအပတ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းကို မွန်ပြည်နယ် အစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၁၂၉ ဒသမ ၁၉ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး အုတ်စီရေမြောင်း တူးဖော်ခြင်းလုပ်ငန်း ပြီးစီးပါက ကုလားဘီကျေးရွာအတွင်း ရေစီးရေလာ ပိုမိုကောင်းမွန်လာပြီး မိုးရာသီ ရေဝပ်မှုအန္တရာယ်မှ ကင်းဝေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

## ဘီးလင်းမြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၄)နှစ်အောက် ဘောလုံးပြိုင်ပွဲကျင်းပ

**ဘီးလင်း ဩဂုတ် ၆**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ၂၀၂၆ ခုနှစ် မြို့နယ်ပညာရေးမှူး ဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၄)နှစ်အောက် ဘောလုံးအားကစားပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့က ဘီးလင်းမြို့ ဘိုးရာဇာရပ်ကွက်ရှိ မြို့မအားကစားကွင်း၌ ကျင်းပရာ ဘီးလင်းမြို့နယ် ပညာရေးမှူး ဦးဝင်းရှိန်က အားကစားပြိုင်ပွဲ



ကျင်းပပေးရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ပထမပွဲစဉ်အဖြစ် ရွှေလေ့ဇုန်ကျောင်း မိသားစု ဘောလုံးအသင်းနှင့် နတ်ကြီးဇုန်ကျောင်း မိသားစုဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို အမျိုးသား ဘောလုံးအသင်း ရှစ်သင်းနှင့် အမျိုးသမီး ဘောလုံးအသင်း လေးသင်းတို့က အုပ်စုဇုန်နှစ်စုခွဲကာ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

## လဲချားမြို့နယ်၌ လဲချား-ဆီကုန်း-ဝမ်ဝေါင်-နားမန်း-ဟတ်လိလမ်း လမ်းအခြေခံအလွှာ တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**လဲချား ဩဂုတ် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမင်းဆွေ၊ လွိုင်လင်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်သက်နိုင်တို့သည် ဩဂုတ် ၅ ရက်က လဲချားမြို့ ပုံတိုက်ကျေးရွာအုပ်စုတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လဲချား-ဆီကုန်း-ဝမ်ဝေါင်-နားမန်း-ဟတ်လိလမ်း (၀/၂.၇၅) မိုင်ကို သုံးလက်မအောက်ခွဲကျောက် အသုံးပြု၍ အခြေခံလွှာကျောက်ခင်းခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါလမ်းဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာပေါင်း ၁၂ ရွာ၊ အိမ်ခြေ ၂၅၅၃ အိမ်နှင့် လူဦးရေ ၁၄၅၅၃ ဦးအတွက် အကျိုးပြုနိုင်မည့် လမ်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပခုက္ကူမြို့၌ လက်ရက်ကန်းခြောက်လသင်တန်းဖွင့်

**ပခုက္ကူ ဩဂုတ် ၆**

ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ အသက်



မွေးဝမ်းကျောင်းအထောက်အကူပြု လက်ရက်ကန်းခြောက်လ (ဒုတိယအကြိမ်)သင်တန်းဖွင့်ပွဲကို ယမန်နေ့က ကျင်းပရာ ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်သန္တာယုက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် သင်ကြားပို့ချပေးမည့် ဘာသာရပ်များအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ သင်တန်းကာလ ခြောက်လကြာ လက်ရက်ကန်းဘာသာရပ်များကို စာတွေ့၊ လက်တွေ့ဖြင့် သင်တန်းသား သင်တန်းသူ ၁၀ ဦးအား စနစ်တကျ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ကိုယ်ပိုင်လုပ်ငန်း ထူထောင်လုပ်ကိုင်လိုသူများ စိစစ်ရွေးချယ်၍ လက်ရက်ကန်းစင်တစ်စင်စီ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ ပေါက်ငူကျေးရွာ၊ အထက (ခွဲ) Grade-10 မှ မောင်သက်မောင်မောင်နှင့် နိဗ္ဗာန်ကျွန်းကျေးရွာ အ.လ.က Grade-4 မှ မောင်ဘုန်းပြည့်စုံတို့၏ဖခင် ဦးမြင့်စန်း၏ အမည်မှန်မှာ ဦးမြင့်ဆန်း ၈/မဘန(နိုင်)၀၇၇၅၅၉ ဖြစ်ပါ ကြောင်း။

**ဦးမြင့်ဆန်း**

## ဖခင်အမည်မှန်

အိမ်မဲမြို့နယ်၊ အထက(ခွဲ) ချောင်းဖျား၊ Grade-11တွင် ပညာသင်ကြားနေသော စောဘူးဖလတ်မူး၏ ဖခင်အမည်မှန်မှာ ဦးဝင်းချို ၁၄/အမန(နိုင်)၁၃၇၈၆၄ ဖြစ်ပါကြောင်း။

**ဦးဝင်းချို**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဇေယျာသုခ ဘုန်းတော်ကြီးသင် အလယ်တန်းကျောင်းတွင် ပညာသင်ကြားနေသော (ဘ) ဦးဖိုးဇော် ၉/မခန(နိုင်)၂၄၅၃၆၁၏သမီး အမည်မှန်မှာ မချယ်လီသွယ် (Grade-6) ဖြစ်ပါကြောင်း။

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဒူလဗိုလ်ရေလည် ဘုန်းတော်ကြီးသင် အလယ်တန်းကျောင်း (Grade-7) တွင် ပညာသင်ကြားနေသော (ဘ) ဦးစိန်လှမြိုင် ၉/မခန(နိုင်) ၁၇၉၁၂၆၏ သမီးအမည်မှန်မှာ မနဒီရှင်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မိတ္ထီလာမြို့၊ ပြည်သာယာတောင်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်၊ ၁၉-ဃ/ မူလပြည်သာယာ၊ ဦးပိုင်အမှတ်-၁၁၅၊ မြေကွက်အမှတ်-၁၁၇၊ မြေဧရိယာ (၀ဒသမ၀၈၀)ကေရှိ မြေကွက်သည် ဦးတင်ထွတ် အမည်ဖြင့် ၁-၈ -၂၀၂၀ရက်အထိ (၃၀)နှစ် မြေငှားဂရန်ရရှိထားပါသည်။ အဆိုပါမြေငှားဂရန်စာချုပ် မူရင်းမှာပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူမှန်ထုတ်ပေးပါရန် ဦးတင်ထွတ်ထံမှ ဝယ်ယူထားသူ ဦးလွင်ကိုမှ လျှောက်ထားလာပါသည်။ အဆိုပါလျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်**

## ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ ဇောတိက(၁)လမ်း ဟုခေါ်တွင်သော (၁၅x၇၅)ပေအကျယ်ရှိ မြေကွက်နှင့် နေအိမ်အား (၅-၃-၂၀၂၅) ရက်တွင် ဒေါ်တင်တင်နွဲ့ (ခ) ဒေါ်တင်နွဲ့(၈/မကန(နိုင်)၀၈၅၃၂၇)ထံမှဦးအောင်ကျော်ဦး၊ဒေါ်မြင့်မြင့်ရီ၊ဒေါ်ခင်သက်နိုင်တို့မှနစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့်အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ပြီးဖြစ်ပါသည်။ ဝယ်ယူထားသည့် မြေကွက်၊ နေအိမ်နှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်နှင့်မျှသက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် အဆိုပါမြေကွက်နှင့်နေအိမ်အား ကျွန်ုပ်၏မိတ်ဆွေများက တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခြင်း၊ စီမံခန့်ခွဲ ပိုင်ခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်ဦး( ၈/မကန(နိုင်)၂၀၀၂၅၆) ၊ ဒေါ်မြင့်မြင့်ရီ( ၈/မကန(နိုင်) ၂၁၁၃၆၇)၊ ဒေါ်ခင်သက်နိုင် (၈/မကန(နိုင်)၁၆၇၇၂၀) တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြိုးပိုင် (ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ (စဉ်- ၅၃၅၉၃)**
**တိုက်အမှတ်(၂၉)၊ (၃/ခ)ရပ်ကွက်၊(၇)လမ်း၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၈၉၁၁၈၇၅၄၁**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6R/5142 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး (လွိုင်ကော်)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ အပိုင်း(၁)၊ တိုက်(၁၇) ၊ အခန်း(၂၀၅) အမည်ပေါက် ဒေါ်အောင်မြင့်ကြည်ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စိုးစိုးဦး (၁၂/လမန(နိုင်) ၀၃၀၄၆၈) မှ တိုက်ခန်းပိုင်ဆိုင်မှု Owner Book စာအုပ်အား ကိုယ်စားထုတ်ယူခွင့်ပြုပါရန် တိုက်ခန်းနှင့်ပတ်သက်သော စာရွက်စာတမ်းမူရင်းများ တင်ပြလာပါသဖြင့် Owner Book ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ မင်းလှကျော်ထင်(၁)လမ်း၊ မြေကွက်အမှတ်(၉၀၅)ဟုခေါ် တွင်သော ပါမစ်မြေ အမျိုးအစား အကျယ်အဝန်း (အလျား ၆၀' x အနံ ၁၀')ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော လူနေအိမ် (ရေ+မီး) အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်ဝင်း (CG/၀၆၀၄၄၁)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ဝယ်ထားရှိကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်အောင် ၁၂/တတထ(နိုင်) ၀၀၄၇၃၀ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေဝယ်ယူထားပြီး ဖြစ်ပါသည်။ ဖော်ပြပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၅) ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်မည့် သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ချက်အရ-** |
| **ဒေါ်အေးစန္ဒာ** | **ဒေါ်မီမီအောင်(LL.B)** |
| **၁၀/ကမရ(နိုင်) ၂၁၃၄၆၄** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၇၆)** |
| **ဖုန်း-၀၉-၉၈၄၃၂၂၇၃၄** | **အမှတ်(၁၅၄၂)၊ မဟာစည်သူလမ်း၊ (၆၉)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ဖုန်း-၀၉-၄၅၁၃၀၈၄၀၀** |

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
## လွိုင်လင်ခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၂

**ကွယ်လွန်သူ- ဦးဆောန၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့၊ ရပ်ကွက်(၄)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဆောန၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဇနီးဖြစ်သူ ဒေါ်နန်းစိန်က အမွေဆက်ခံခြင်းဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၂၈)ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်နေ့တွင်) ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ- ဦးဆောန၏ ကျန်ရစ်ပစ္စည်းများ တွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၂၈)ရက်( ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်နေ့)တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်းလာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်နန်းစိန်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၂၈)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေစိမ့်စမ်း)**
**ခရိုင်တရားသူကြီး**
**လွိုင်လင်ခရိုင်တရားရုံး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဒေါ်ယင်းကုန်းကျေးရွာ၊ အထက(ခွဲ) Grade-5တွင် ပညာသင်ကြားနေသော မောင်ချစ်ဦးမောင်၏ ဖခင်အမည်မှန်မှာ ဦးဆယ် ၈/မသန(နိုင်)၀၇၉၉၆၆ ဖြစ်ပါကြောင်း။

**ဦးဆယ်**

## ပတ်စ်ပို့ပျောက်

ပဲခူးမြို့၊ အလင်းရောင်(၁) (၂) လမ်းနေ (ဘ) ဦးလှထွန်း ၏ သမီး မဖြိုးအိခိုင် ၇/ပခန(နိုင်) ၃၈၃၅၁၃ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၂၈၇၅၇၃**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသာမြို့သစ်၊ အမှတ်(၈)ရပ်ကွက်၊ မြေတိုင်းအမှတ် (၂၄)၊ မြေကွက်အမှတ်(၇၃၇)၊ မြေဧရိယာ(၀ဒသမ၁၁၀)ကေရှိ မြေအား ဒေါ်မြင့်သိန်း၊ ဦးအောင်မြင့်၊ ဦးခင်မောင်ဆွေ၊ ဦးခင်မောင်ဇော်၊ ဦးဝင်းဇော်တို့မှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း) များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ဥပဒေ ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာ (၂၈)လမ်း၊ အမှတ်(၂၁၈)၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၆)ထပ်တိုက် အဆောက်အအုံရှိမြေညီထပ်၊(အလျား ၁၈ပေx အနံ ၅၄ပေ)အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ကတိပြုသူ ဒေါ်မေမြတ်သွယ် (၁၂/ဥကတ(နိုင်)၁၅၄၄၅၄) ထံမှဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်း အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမောင်မောင်သူရ(မြောင်းမြ)**
**LL. B, A.G.T.I (EP), D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)**
**အမှတ်-၁၄၇၊ ဒုတိယထပ်၊ လမ်း-၅၀ (အထက်)၊ ၁၀-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း - ၀၉-၅၁၈၄၀၄၂ ၊ ၀၉-၇၉၅၁၈၄၀၄၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၃-က၊ မြေမြင့်ရပ်)၊ ဦးပိုင်အမှတ် (၅၁/၁)၊မြေဧရိယာ(၀.၂၇၄)ကေရှိမြေကွက်သည် မူလက ဦးစိုးဝင်းအမည်ဖြင့် (၂၉-၁၀-၂၀၁၆)အထိမြေငှားဂရန်ရရှိထားသောမြေကွက်ဖြစ်ပြီး၊ ဂရန်အမည်ပေါက်သူဦးစိုးဝင်းမှာ(၁၃-၄-၂၀၁၁) ရက်တွင်ကွယ်လွန်သွားခဲ့ပြီး ၎င်း၏ဇနီးဖြစ်သူ ဒေါ်လှလှမှ (၃-၁၁-၂၀၁၆)ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၃၈၅/၂၀၁၆)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဒေါ်လှလှထံမှ ဦးပိုင် (၅၁/၁-ခ)၊ မြေဧရိယာ(၀.၂၁၀)ကေအပိုင်းကို ဦးသူရကျော်က(၉-၈-၂၀၁၇) ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ် (၁၃၆/၂၀၁၇) ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ Asia Energyအမည်ဖြင့် စက်သုံးဆီ အရောင်းဆိုင်ဖွင့်လှစ်ထားရှိသဖြင့်ဦးသူရကျော်၁/မကတ(ဧည့်) ၀၀၀၇၈၉အမည်ဖြင့် စက်မှု/စီးပွား မြေငှားဂရန်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့်ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလျှောက်ထားသူအားလုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ သီတာရပ်ကွက်၊ ကွင်းအမှတ်(၉၊ ဝေါက်ရိုက်ကွင်းအရှေ့)၊ ဦးပိုင်အမှတ်(၁၁/၂)၊ မြေဧရိယာ(၀.၂၁၄) ကေရှိမြေကွက်သည် မူလက ဒုတိယဗိုလ်မှူးကြီးမောင်မြို့ အမည်ဖြင့် (၂၆-၈-၂၀၃၄) အထိ မြေငှားဂရန်ရရှိထားသောမြေကွက်ဖြစ်ပြီး၊ ဂရန်အမည်ပေါက်သူဦးမောင်မြို့ထံမှ ဦးသူရကျော် က(၂၄-၉-၂၀၁၉)ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၄၂၅/ ၂၀၁၉)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ Asia Energy အမည်ဖြင့် စက်သုံးဆီ အရောင်းဆိုင်ဖွင့်လှစ်ထားရှိသဖြင့်ဦးသူရကျော်၁/မကတ(ဧည့်) ၀၀၀၇၈၉ အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့၊ ရပ်ကွက် (၄)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၃/ဈေးအရှေ့ရပ်)၊ ဦးပိုင်အမှတ် (၉၃/၁)၊ မြေကွက်အမှတ် (76/204)၊ ဧရိယာ (၀ ဒသမ ၁၈၈)ကေရှိ မြေကွက်အား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ ၆-၃-၂၀၀၀ ရက်စွဲပါ အမှုတွဲအမှတ် (၄/၂၀၀၀)အရ ဦးစိုးစိုးအမည်ဖြင့် နှစ် (၃၀)သက်တမ်းရှိ မြေငှားဂရန် ထုတ်ပေးထားရှိပြီးဖြစ်ပါသည်။ ဦးစိုးစိုးသည် ၅-၈-၂၀၂၂ ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ရွှေမိမှ ယင်းမြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အား ၂၈-၁၁-၂၀၂၅ ရက်တွင် ချုပ်ဆိုခဲ့ပါသည်။ ထို့နောက် ယင်းမြေကွက်အား ဒေါ်ရွှေမိသည် ဒေါ်သန်းသန်းအေးအား မေတ္တာဖြင့်အပိုင်ပေးကမ်းကြောင်း ကြေညာစာချုပ်ကို ကလောမြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ ၂၃-၆-၂၀၂၆ ရက်စွဲပါ စာချုပ်အမှတ် (၂၈/၂၀၂၆)အရ ချုပ်ဆိုခဲ့ပြီး ဖြစ်သဖြင့် ဒေါ်သန်းသန်းအေး (၁၃/ကလန(နိုင်)၀၀၀၁၀၉) အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် မည်သူမဆို ကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ်တွော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလောမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊ မြေကွက်အမှတ်(၂၂၅) ဟုခေါ်တွင်သော မြေအလျားxအနံပေ (၄၀x၆၀)ရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးတင်ဦး (TGN-၀၇၃၁၄၄)ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းဖြင့် ဝယ်ယူ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဝေယံဖြိုး (၁၂/သဃက(နိုင်)၁၉၀၂၈၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်မျိုးသီရိထွန်း (၁၂/တမန(နိုင်)၁၁၆၇၈၅)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများ နှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

